# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၈၅)၊ ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်နေ့၊ ၁၀–၆–၂၀၂၅၊ အင်္ဂါနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း သောက်သုံးရေလုံလောက်စွာရရှိရေး ထိရောက်လျင်မြန်သောအစီအမံ (Quick Win Plan)ဖြင့် ဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။ စာမျက်နှာ ၃ သို့ ❑

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၉**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးပိုလာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဓလ**

## ယနေ့ ဖတ်စရာ အညွှန်း


မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေမြင့်တက်လာသည့်အတွက် အရေးပေါ်အခြေအနေတွင် ကယ်ဆယ်ရေးလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် သဲအိတ်များ အဆင်သင့်ချထား

စာမျက်နှာ ၂

ယူအီးအက်ဖ်အေ နေရှင်းလိဂ် ချန်ပီယံဆုကို ပေါ်တူဂီအသင်း ဆွတ်ခူး

စာမျက်နှာ ၁၁

၂၀၂၅ ခုနှစ်၊ ဇွန် ၁၀ ရက်၊ အင်္ဂါနေ့။

မန္တလေး နေ့စဉ်

## နယုန်လပြည့် မဟာသမယနေ့

နယုန်လသည် မိုးဦးကျစကာလဖြစ်ပြီး ကောင်းကင်တစ်ခွင်တွင် တိမ်ညို၊ တိမ်ပြာအစရှိသည့် တိမ်မျိုးစုံတို့ ဖုံးလွှမ်းလျက်ရှိသည်။ ပုလဲဖြူလွှ မိုးစက်များကျလာကာ သစ်ပင်များတွင် ရွက်စိမ်းဝတ်ရုံခြုံနေသည်။ ပန်းမန်များ ဝါပြာဖြူနီ ဖူးပွင့်စည်လျက် နယုန်လ၏ သဘာဝဝန်းကျင်မှာ လန်းဆန်းအေးမြနေသည်။

နယုန်လသည် ဂိမှာနခေါ်နွေဥတုလေးလ၏ နောက်ဆုံးလဖြစ်ပြီး မိုးကြိုကာလလည်း ဖြစ်သည့်အလျောက် မိုးရွာသည့်အခါများလည်းရှိသည်။ သို့ရာတွင် နယုန်မိုးသေး၊ မြက်သားမွေးဆိုသည့် စကားအတိုင်း နယုန်လမှာ ရွာသည့်မိုးက မြက်ပင်ကလေးများ ပေါက်ရုံ၊ စိမ်းစိမ်းစိုစို မြက်သား မွေးရုံမျှရွာသည့် မိုးသေး၊ မိုးဖွဲမျှသာ ပူပြင်းခြောက်သွေ့သည့်နေ့ရက်များကို ဖြတ်သန်းခဲ့ရပြီး ညှိုးရော်နေသည့် လောကဓာတ်တစ်ခုလုံးက မိုးကို မျှော်လင့်ကြသည့်အားလျော်စွာ နွေအပူကို အဆုံးသတ်စေသည့် နယုန်မိုးသေးသည်ပင် လောက၏အလိုဆန္ဒကို ပြည့်ဝစေသည့်မိုး ဖြစ်သည်။

မြန်မာတို့၏ ဆယ့်နှစ်လရာသီ လစဉ်လတိုင်း၏ လပြည့်နေ့အခါသမယတွင် ထူးမြတ်သည့် ဗုဒ္ဓဓမ္မနှင့် ယဉ်ကျေးမှုထုံးတမ်းစဉ်လာအရ နေ့ထူးနေ့မြတ်တစ်မျိုးစီရှိကြသည်။ နယုန်လပြည့် (မဟာသမယနေ့)ဟူ၍ အထင်အရှားရှိသည်။

ဗုဒ္ဓဘုရားရှင် သက္ကတိုင်း ကပိလဝတ်ပြည်အနီး မဟာဝုန်တော၌ သီတင်းသုံးတော်မူစဉ် နယုန်လအခါ မိုးမရွာ၍ ကောက်ပင်တို့ ရေငတ်ကာ ညှိုးရော်ခြောက်သွေ့ကြကုန်သည်။ ထိုအခါ စိုက်ပျိုးရေအတွက် လိုအပ်သော ရောဟိနီမြစ်မှ ရေကို ရယူသုံးစွဲမှုကို အကြောင်းပြု၍ မြစ်တစ်ဖက်တစ်ချက်မှ ကပိလဝတ် ပြည်သားများနှင့် ကောလိယ ပြည်သားများတို့ အချင်းများကာ နှစ်ပြည်ထောင်မင်းတို့ အဆင်မပြေသည့် အခြေအနေသို့ ဆိုက်ရောက်လာသည်။ မြစ်ရေကို အကြောင်းပြု၍ အချင်းများကာ သေကျေပျက်စီးကြရမည့်အဖြစ်သို့ မကျရောက်စေရန်အတွက် ဗုဒ္ဓဘုရားရှင် ကြွရောက်တော်မူလာသောအခါ ဘုရားရှင်ကို ဖူးမြင်ကြရသည့်အခါ နှစ်ဖက်စလုံး လက်နက်တို့ကို စွန့်လွှတ်၍ မြတ်ဘုရားကိုသာ ကြည်ညိုမြတ်နိုးစွာ ဖူးမြော်ကြကုန်သည်။

ကပိလဝတ်နှင့် ကောလိယနှစ်ပြည်ထောင်မှ မင်းတို့သည်လည်း မြတ်စွာဘုရား၏ ကျေးဇူးတော်ကြောင့် သေကြမည့် ဘေးတို့မှ လွတ်ကင်းကြရသည်ဟုဆိုကာ တစ်ဖက်လျှင် ၂၅၀ စီသော မင်းသားတို့ကို ဗုဒ္ဓဘုရားရှင်ထံ အပ်နှံကြရာ ထိုမင်းသား ၅၀၀ တို့ကို ရဟန်းပြုလျက် မဟာဝုန်တောသို့ ပြန်ကြွတော်မူသည်။

မင်းသားဘဝမှလာသော ရဟန်း ၅၀၀ တို့မှာ ရဟန်းအဖြစ်၌ မမွေ့လျော်နိုင်ကြသောအခါ ဟိမဝန္တာ၊ ကုဏာလအိုင်သို့ ခေါ်ဆောင်၍ ကုဏာလဇာတ်ကို ဟောတော်မူသောအခါ အားလုံး သောတာပန်ဖြစ်ကြသည်။ ထို့နောက် မဟာဝုန်တောသို့ ပြန်ကြွတော်မူပြီး ကမ္မဋ္ဌာန်းတရားကို ပွားများစေသောအခါ အားလုံး ရဟန္တာချည်း ဖြစ်ကြကုန်သည်။

ကိလေသာမှ စင်ကြယ်ကုန်ပြီးသော ရဟန္တာ ၅၀၀ ခြံရံလျက် မဟာဝုန်တော၌ တင့်တယ်စွာ စံပယ်တော်မူသော မြတ်စွာဘုရားရှင်ကို ဖူးမြော်ကြည်ညိုရန်အတွက် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့ မဟာဝုန်တောသို့ နယုန်လပြည့်နေ့တွင် စုရုံးရောက်ရှိလာကြရာ မြတ်စွာဘုရားက နတ်ဗြဟ္မာများအား အမျိုးအနွယ်အလိုက် ရည်ညွှန်း၍ အမြိုက်တရားကို ဟောကြားတော်မူခဲ့ခြင်းကြောင့် ဤနေ့သည် သာသနာ့သမိုင်းတွင် ထူးခြားသည့် မဟာသမယနေ့ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ အကွက် (၁၃) ဒေါနဘွားရပ်ကွက်၊ အုတ်စက်ဓမ္မာရုံဝင်း၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဘဘ-၁၉)၊ ၄၅ လမ်းနှင့် ၁၁၄လမ်းထောင့်၊ အောင်သာယာရပ်ကွက်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇွန် ၁၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၇၇လမ်း၊ ၂၇လမ်းနှင့် ၂၈လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၇၂လမ်းနှင့် မင်္ဂလာပန်းခြံလမ်းထောင့်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင်လည်းကောင်း၊ ဇွန် ၁၁ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြား၊ အမရပူရမြို့နယ်၊ ကျန်တန်းရပ်ကွက်၊ ပွဲတော်ရပ်၊ ရွာလယ်လမ်းဆုံ၊ ပွဲတော်ဘုန်းကြီးကျောင်းအနီးတို့တွင်လည်းကောင်း၊ ဇွန် ၁၂ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အကွက်(ဖဖ-၀)၊ ၅၄ လမ်း၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြား၊ ထွန်းတုံးရပ်ကွက်တွင်လည်းကောင်း၊ ဇွန် ၁၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားတို့တွင်လည်းကောင်း၊ ဇွန် ၁၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ၃၆လမ်းနှင့် ၆၉လမ်းထောင့် ဝန်ထမ်းအိမ်ရာအနီး၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ လေးစုဓမ္မာရုံ၊ အ.ထ.က(၁)အနောက်ဘက်တို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀

## မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေမြင့်တက်လာသည့်အတွက် အရေးပေါ်အခြေအနေတွင် ကယ်ဆယ်ရေးလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် သဲအိတ်များ အဆင်သင့်ချထား



**မန္တလေး ဇွန် ၉**

မန္တလေးဆိပ်ကမ်း ဧရာဝတီမြစ်ရေမြင့်တက်လာနေသဖြင့် အရေးပေါ်အခြေအနေတွင် ကယ်ဆယ်ရေးလျင်မြန်စွာ ဆောင်ရွက်နိုင်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သဲအိတ်ပေါင်း ၈၀၀၀ ကို အဆင်သင့်ချထားပြီးဖြစ်ကြောင်း သိရသည်။

ဧရာဝတီမြစ်ရေသည် မန္တလေးဆိပ်ကမ်းတွင် ဇွန် ၉ ရက် ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ၁၁၀၄ စင်တီမီတာသို့ ရောက်ရှိနေပြီး မန္တလေးဆိပ်ကမ်းစိုးရိမ်ရေမှတ် ၁၂၆၀ စင်တီမီတာသို့ ရောက်ရှိရန် ၁၅၆စင်တီမီတာ (၅ ပေခန့်)အလိုတွင် ရောက်ရှိနေပြီဖြစ်သည်။

"မြစ်ကြီးနားကဆင်းလာတဲ့မြစ်ရေက မန္တလေးကို ၇ ရက်လောက်ဆိုရင် ရောက်လာမယ်ဆိုတော့ မန္တလေးမှာ ရေကြီးရေလျှံမဖြစ်အောင် တိုင်းဒေသကြီးအစိုးရအဖွဲ့လမ်းညွှန်မှုနဲ့ သဲအိတ်တွေကို မြစ်ကမ်းနား ၃ နေရာမှာ စုစုပေါင်း သဲအိတ် ၈၀၀၀ အဆင်သင့်ချထားပြီးဖြစ်ပါတယ်။ ကမ်းနားလမ်းတစ်လျှောက်မှာ ရေကြီးရေလျှံဖြစ်နိုင်တဲ့ နေရာတွေမှာ ကာကွယ်နိုင်ဖို့ သဲအိတ်တွေ အသင့်ချထားတာဖြစ်ပါတယ်" ဟု ၄င်းက ပြောသည်။

မန္တလေးမြို့ဆိပ်ကမ်းတစ်လျှောက် အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်နှင့် အမရပူရမြို့နယ်များရှိ ရပ်ကွက်နေအိမ်များတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်ပြီး မြစ်ရေမြင့်တက်ကာ အရေးပေါ်အခြေအနေတွင် သဲအိတ်များဖြင့် ကာကွယ်ရန် ဆောင်ရွက်ထားကြောင်း၊ အများပြည်သူ အနေဖြင့်လည်း ထူးခြားမှုရှိပါက သတင်းပေးပို့ကြရန်လိုကြောင်း သိရသည်။ (အပေါ်ခဲပုံ)

"သန့်ရှင်းရေးဌာနအနေနဲ့ မြို့တွင်းမှာ မြောင်းဆယ်တာတွေ အမှိုက်သိမ်းဆည်းတာတွေ ဆောင်ရွက်နေပြီး မြောင်းဆယ်ဝန်ထမ်း ၃၀၀ ဦးကို သီးသန့်ထားရှိပါတယ်။ မန္တလေး ၆ မြို့နယ် အတွင်းမှာ မြောင်းကြီး ၉ မြောင်းနဲ့ မြောင်းငယ် ၆၀၀ ကို နေ့စဉ် ရေစီးရေလာကောင်းမွန်အောင် မြောင်းဆယ်တာတွေ ဆောင်ရွက်နေပါတယ်" ဟု ဆက်လက်ပြောကြားသည်။

မြစ်ရေမြင့်တက်ကာ အရေးပေါ်အခြေအနေတွင် မြန်ဆန်စွာနှင့်အလွယ်တကူကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန် ကမ်းနားလမ်း ၂၂ လမ်းထိပ်တွင် သဲအိတ် ၃၀၀၀၊ ၂၆ လမ်းထိပ်တွင် သဲအိတ် ၂၀၀၀နှင့် ရွှေကြက်ယက်ဆိပ်ကမ်းတွင် သဲအိတ် ၃၀၀၀ စုစုပေါင်း သဲအိတ် ၈၀၀၀ အဆင်သင့်ချထားကြောင်းသိရသည်။

(မန္တလေးနေ့စဉ်-၉)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့.စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိရေးနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

❑ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြင်ဦးလွင်ခရိုင်အတွင်း ရေရရှိရေး၊ စိုက်ပျိုးရေးနှင့် စိမ်းလန်းစိုပြည်ရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှုများအား အသီးသီးရှင်းလင်းတင်ပြ**

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဧပြီလအတွင်း ပြင်ဦးလွင်ဒေသသို့ ရောက်ရှိစဉ် ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိရေးနှင့် ပတ်သက်၍ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်အတွင်း ရေရရှိရေး ဆောင်ရွက်နိုင်မည့်နည်းလမ်းများကို ဖော်ထုတ်ရာတွင် ရေအရင်းအမြစ်များ ကွင်းဆင်းလေ့လာခြင်း၊ ပြင်ဦးလွင်ခရိုင်အတွင်းရှိ ဆည်၊ တာတမံများအတွင်း ရေပိုမိုသိုလှောင်နိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ဖြစ်ပေါ်လာနိုင်မည့် အကျိုးရလဒ်များ၊ ရေလှောင်တမံအသစ်များနှင့် ရေလွှဲဆည်များ ထပ်မံဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် ရေအရင်းအမြစ်များအား မြေပြင်ကွင်းဆင်းစစ်ဆေးချက်များအရ လျာထားသုံးသပ်တင်ပြချက်များနှင့် ဖြစ်ပေါ်လာနိုင်မည့် အကျိုး၊ အပြစ်များ၊ ဘူမိဗေဒဆိုင်ရာအခြေအနေ သုံးသပ်တင်ပြချက်များကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်မြို့နယ်၏ ပထဝီဝင်ဆိုင်ရာ အချက်အလက်များနှင့် မြို့ပြနှင့် ကျေးလက်လူနေထိုင်မှု၊ ပြင်ဦးလွင်မြို့နယ်အတွင်း လက်ရှိရေပေးဝေရာတွင် ရယူလျက်ရှိသည့် ရေအရင်းအမြစ်များနှင့် ရေပေးဝေနိုင်မှု၊ ပြင်ဦးလွင်မြို့နယ်အား ဇုန်များပိုင်းခြားသတ်မှတ်၍ ရေဖူလုံစွာပေးဝေနိုင်ရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများအပေါ် သုံးသပ်တင်ပြချက်များ၊ ပြင်ဦးလွင်မြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန် ဖော်ဆောင်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင်မြို့ သန့်ရှင်းသာယာလှပရေးဆောင်ရွက်လျက်ရှိမှုတို့ကိုလည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ပြင်ဦးလွင်မြို့နယ်အတွင်း သစ်တောမြေတည်ရှိမှုနှင့် သစ်တောဖုံးလွှမ်းမှု၊ မြို့နယ်စိမ်းလန်းစိုပြည်ရေးအတွက် သစ်တောလုပ်ငန်းများအား နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုတို့ကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ပြင်ဦးလွင်မြို့နယ် မြို့ပြစိမ်းလန်းစိုပြည်ရေးနှင့် လမ်းများကောင်းမွန်မှုရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

❖ ပြင်ဦးလွင်မြို့နယ်၌ လူနေထိုင်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ်များပြားလာသည်ကိုတွေ့ရှိရပြီး ရာသီဥတုမျှတကောင်းမွန်ခြင်း၊ သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသောက်နိုင်ခြင်းတို့ကြောင့် လာရောက်နေထိုင်ကြခြင်းဖြစ်

❖ လူအများနေထိုင်ရာတွင် ရေသည် မရှိမဖြစ်လိုအပ်သည့်အရာ ဖြစ်သည့်အတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ဖူလုံစွာရရှိနိုင်ရေး၊ ရေအရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိရေးကို ဖော်ဆောင်ပေးရမည်

❖ ပြင်ဦးလွင်မြို့အား ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော် စသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

**တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြား**

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း သောက်သုံးရေဖူလုံစွာရရှိရေးအတွက် လုပ်ငန်းဖြစ်နိုင်ခြေများ အနက် ကာလတိုအတွင်း ထိရောက်လျင်မြန်သော အစီအမံ(Quick Win Plan) ဖြင့် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ဦးစားပေးဆောင်ရွက်ရန် လိုကြောင်း၊ ရေလှောင်တမံများအား အဆင့်မြှင့်တင်ရာတွင် တမံများ၏ သက်တမ်းနှင့် ကြံ့ခိုင်မှုတို့ကို စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း၊ ရေလှောင်တမံများနှင့် ရေလွှဲဆည်များ တည်ဆောက်ရန်လျာထားရာ၌ အကျိုးပြုဧရိယာနှင့် ရေသုံးစွဲမည့် လူဦးရေပမာဏ၊ နောင်အနာဂတ်တွင် တိုးပွားလာနိုင်မည့် လူဦးရေပမာဏတို့ကိုလည်း ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း မြို့ပြနှင့် ကျေးလက်လူနေထိုင်မှု၊ အလုပ်အကိုင်ဆောင်ရွက်မှု၊ လူနေမှုပုံစံတို့ကို စနစ်တကျပြုစုဆောင်ရွက်သွားရန်လိုပြီး ယင်းအချက်အလက်များ အပေါ်တွင်အခြေခံ၍ ဒေသနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများကို ပြည့်ပြည့်ဝဝအသုံးချနိုင်ရန်လိုပြီး တောင်ယာစိုက်ပျိုးခြင်းအစား လယ်၊ ကုန်းမြင့်လယ်စိုက်ပျိုးခြင်းကို ဆောင်ရွက်ကြရန်လိုကြောင်း၊ လိုအပ်သည့် ရေအရင်းအမြစ်လုံလောက်စွာရရှိရေးနှင့် သွင်းအားစုများ ပြည့်မီအောင်ထည့်သွင်းရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရာ၌ ဇုန်ဧရိယာများ ဖော်ထုတ်စဉ်ကတည်းကပင် ရေအရင်းအမြစ် ရရှိနိုင်မှု၊ ကုန်ထုတ်လမ်းဖော်ဆောင်ပေးနိုင်မှုနှင့် အခြားအခြေခံအချက်အလက်များအားလုံးကို ထည့်သွင်းတွက်ချက်၍ သတ်မှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း ဟူသည့် အခြေခံလိုအပ်ချက် ၄ ခုအပေါ် အခြေခံ၍ စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

❒ ရေလှောင်တမံများအား အဆင့်မြှင့်တင်ရာတွင် တမံများ၏ သက်တမ်းနှင့် ကြံ့ခိုင်မှုတို့ကို စနစ်တကျစစ်ဆေးဆောင်ရွက်သွားရန်လို၊ ရေလှောင်တမံများနှင့် ရေလွှဲဆည်များ တည်ဆောက်ရန်လျာထားရာ၌ အကျိုးပြုဧရိယာနှင့် ရေသုံးစွဲမည့် လူဦးရေပမာဏ၊ နောင်အနာဂတ်တွင် တိုးပွားလာနိုင်မည့် လူဦးရေပမာဏတို့ကိုလည်း ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားရန်လို၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်း မြို့ပြနှင့် ကျေးလက်လူနေထိုင်မှု၊ အလုပ်အကိုင်ဆောင်ရွက်မှု၊ လူနေမှုပုံစံတို့ကို စနစ်တကျပြုစုဆောင်ရွက်သွားရန်လိုပြီး ယင်းအချက်အလက်များအပေါ်တွင်အခြေခံ၍ ဒေသနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများကို မြှင့်တင်ဖော်ဆောင်နိုင်မည်

**ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားရာတွင် ပြင်ဦးလွင်မြို့နယ်၌ လူနေထိုင်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် များပြားလာသည်ကိုတွေ့ရှိရပြီး ရာသီဥတုမျှတကောင်းမွန်ခြင်း၊ သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသောက်နိုင်ခြင်းတို့ကြောင့် လာရောက်နေထိုင်ကြခြင်းဖြစ်ကြောင်း၊ လူအများနေထိုင်ရာတွင် ရေသည် မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သည့်အတွက် သောက်သုံးရေနှင့် စိုက်ပျိုးရေများ ဖူလုံစွာရရှိနိုင်ရေး၊ ရေအရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိရေးကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း။

ပြင်ဦးလွင်မြို့အား ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ပညာရေးမြို့တော်၊ ကျန်းမာရေးမြို့တော် စသည်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ချယ်ရီပင်များ

စာမျက်နှာ ၄ သို့

- ❊ ပြင်ဦးလွင်မြို့အား Green City၊ Clean City၊ Smart City ဖြစ်စေရေးအတွက်လည်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်လို
- ❊ ပြင်ဦးလွင်မြို့ပတ်ဝန်းကျင်တွင် သစ်တောများ ဖုံးလွှမ်းမှုရှိစေရေး သစ်တောသစ်ပင်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်
- ❊ ပြင်ဦးလွင်ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဒေသတွင်း နေထိုင်သူများနှင့် ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်နေကြသူများက အဓိက ဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်

*စာမျက်နှာ ၃ မှ*

ကောင်းမွန်စွာ ပေါက်ရောက်သည့်ဒေသဖြစ်သည့်အတွက် ချယ်ရီမြို့တော်ဖြစ်စေရေး စနစ်တကျဖြင့် စိုက်ပျိုးသွားကြရန်လိုကြောင်း၊ ပန်းမြို့တော်ဟု ယခင်ကတည်းကပင် နာမည်ရပြီးသားမြို့ဖြစ်သည့်အတွက် အစဉ်အလာကောင်းများကို ဆက်လက်လက်ဆင့်ကမ်း ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် ဒေသမျိုးရင်းပန်းမျိုးများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဥပမာအနေဖြင့် ဗီယက်နမ်နိုင်ငံသည် ပြည်ပသို့ ပန်းမျိုးစုံ တင်ပို့ရောင်းချခြင်းဖြင့် ဝင်ငွေများစွာရရှိကြောင်း၊ အဓိကအားဖြင့် ဂန္ဓမာနှင့် သစ္စာပန်းမျိုးများကို တင်ပို့ခြင်းဖြစ်ပြီး ပြင်ဦးလွင်၌ အောင်မြင်ဖြစ်ထွန်းသည့် ပန်းမျိုးများဖြစ်ကြောင်း၊ အလားတူ ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် အာရေးဗီးကားကော်ဖီသည် ကမ္ဘာပေါ်တွင် ဈေးကွက်ဝင်လူကြိုက်များသည့် ကော်ဖီအမျိုးအစားဖြစ်သဖြင့် ကော်ဖီထုတ်လုပ်မှုများကို စနစ်တကျ စိုက်ပျိုးထုတ်လုပ်ဆောင်ရွက်၍ ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပြင်ဦးလွင်မြို့အနေဖြင့် အားကစားမြို့တော်အဖြစ် ဆောင်ရွက်နိုင်မည့် အခြေအနေကောင်းများကိုလည်း ပိုင်ဆိုင်ထားရှိပြီးဖြစ်ကြောင်း၊ ဘောလုံးအားကစားပွဲများ၊ စက်ဘီးစီးပြိုင်ပွဲများနှင့် အခြားအားကစားနည်းများကို ဆောင်ရွက်၍ရနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် Town Plan များ ရေးဆွဲရာတွင် အားကစားကွင်းများကိုပါ စနစ်တကျတွက်ချက်၍ ထည့်သွင်းရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့အား Green City၊ Clean City၊ Smart City ဖြစ်စေရေးအတွက်လည်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့ပတ်ဝန်းကျင်တွင် သစ်တောများဖုံးလွှမ်းမှုရှိစေရေး သစ်တောသစ်ပင်ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဒေသတွင်း နေထိုင်သူများနှင့် ဒေသတွင် လာရောက်တာဝန်ထမ်းဆောင်နေကြသူများက အဓိကဆောင်ရွက်ကြရမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသတွင် မွေးဖွားခဲ့ပြီး အသက်အရွယ်ကြီးမြင့်စွာရှိနေကြသည့် ဒေသခံများဖြင့် Elder အဖွဲ့ ဖွဲ့စည်းသွားရန်လည်းလိုပြီး ဒေသ၏ အစဉ်အလာနှင့်ဂုဏ်သတင်းများကို ဆက်လက်ထိန်းသိမ်းနိုင်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ၎င်းတို့အနေဖြင့် အကြံပြုနိုင်မည်ဖြစ်ကြောင်း။

မြေအသုံးချမှုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေနေရာများကို အမျိုးအစားအလိုက် အကျိုးရှိစွာ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မြေနှင့်ပတ်သက်၍ တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် စနစ်တကျစီမံခန့်ခွဲသွားရန်လိုကြောင်း၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တောင်ယာခုတ်ထွင်မှုများ ပပျောက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှိပြီးဖြစ်သည့် စပါးစိုက်ပျိုးနေသည့်ယာမြေများကိုသီးထပ်စွမ်းအား မြှင့်တင်နိုင်မည့် စပါးစိုက်ပျိုးနိုင်သည့် လယ်မြေများအဖြစ် ဖော်ဆောင်ပေးနိုင်ရေး သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ တောင်ယာများနှင့်ပတ်သက်၍ ရွှေ့ပြောင်းတောင်ယာစနစ်များ ပပျောက်အောင် ဆောင်ရွက်သွားရန်လိုပြီး ကုန်းမြင့်လယ်များ ဖော်ထုတ်ပေးရန်လိုကြောင်း။

ပြင်ဦးလွင်မြို့သည် ပြည်တွင်းပြည်ပမှ ခရီးသွားအများအပြားလာရောက်သည့် မြို့တစ်ခုဖြစ်သည့်အတွက် မိမိတို့ဒေသသို့ လာရောက်သည့်သူများကို အကောင်းဆုံး ဝန်ဆောင်မှုများပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ဒေသထွက်သန့်ရှင်းလတ်ဆတ်သည့် အသီးအနှံနှင့် စားသောက်ဖွယ်ရာများ၊ ဒေသရိုးရာအစားအသောက်များဖြင့် ခရီးသွားများကို ဆွဲဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် အိမ်သာမှ ညှော်လာမည်ဖြစ်သည့်အတွက် မိမိတို့ဒေသ သန့်ရှင်းသာယာလှပရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ လမ်းများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် လမ်းအင်္ဂါရပ်များအတိုင်း ပြည့်မီရန်လိုပြီး လမ်းမကြီးများဥပဒေကိုလည်း ပြည်သူများလိုက်နာမှုရှိစေရေး အသိပညာပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်မှုသည် မျက်စိပသာဒကိုဖြစ်စေပြီး အေးချမ်းမှုကို ခံစားရစေနိုင်သည်ဖြစ်သဖြင့် လမ်းမကြီးများ ဝဲ၊ ယာ၌ အရိပ်ရအပင်များကို စနစ်တကျဖြင့် စိုက်ပျိုးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့၊ ကျေးရွာများ သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်ခွဲခြားစွန့်ပစ်သည့် အလေ့အကျင့်ကောင်းများကို ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် စံပြအဖြစ် ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများမှ စံနမူနာပြဆောင်ရွက်သွားရန် လိုအပ်ပြီး ရပ်ရွာလူထုထံသို့ နမူနာယူ အသိပညာပြန့်ပွားအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သို့မှသာလျှင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် Green City၊ Clean City ဖော်ဆောင်မှု အောင်မြင်လာနိုင်မည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌက္ကဋ္ဌရုံး (နေပြည်တော်)
 - (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
 - (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
 - (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
 - (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
 - (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
 - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
 - (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
 - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
 - (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
 - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
 - (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
 - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
 - (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
 - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
 - (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
 - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
 - (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
 - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
 - (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
 - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
 - (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
 - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
 - (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
 - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
 - (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
 - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
 - (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
 - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
 - (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
 - (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိ

နေပြည်တော် ဇွန် ၉

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မိုး/ဇလ

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် တရုတ်နိုင်ငံ သံအမတ်ကြီး H.E.Ms. Ma Jia အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၉

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တရုတ်နိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရေနံ့သာညှော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် နှစ်နိုင်ငံခေါင်းဆောင်များ သဘောတူညီထားမှုများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံအကြား စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ ယခင်ထက်ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ အလားအလာကောင်းသော ကမ်းလွန်လုပ်ကွက်များတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်းတို့အတွက် တရုတ်နိုင်ငံမှ ကုမ္ပဏီများ လာရောက် ရင်းနှီးမြှုပ်နှံရေး၊ ဆောင်ရွက်ဆဲ ကမ်းလွန်လုပ်ကွက်တွင် ဆက်လက်ဆောင်ရွက်မည့် ရှာဖွေ၊ တူးဖော်ရေးလုပ်ငန်းများအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် တရုတ်ကုမ္ပဏီများအား တွန်းအားပေး ကူညီဆောင်ရွက်ရေး၊ အရှေ့တောင်အာရှ ရေနံစိမ်းပိုက်လိုင်းမှ ရေနံစိမ်းများရယူပြီး ရေနံချက်စက်ရုံသစ် စီမံကိန်း ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ရေးကိစ္စနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်းအောက်ရှိတရုတ်-မြန်မာ စီးပွားရေးစင်္ကြံမဟာဗျူဟာမြောက်စီမံကိန်းများတွင်ပါဝင်သည့် စွမ်းအင်ကဏ္ဍဆိုင်ရာ စီမံကိန်းများကို အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တရုတ်နိုင်ငံ သံအမတ်ကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၉

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့်မြောက်ခဲ့မှုနှင့် နှစ်နိုင်ငံပြည်သူများအကြား အေးအတူပူအမျှ အသိုက်အဝန်းတည်ထောင်ဆောင်ရွက်ခဲ့မှု၊ နှစ်နိုင်ငံပြည်သူများ တရားဝင်နယ်စပ်ဂိတ်များမှ ဝင်/ထွက်သွားလာမှုအပေါ် ညှိနှိုင်းဆောင်ရွက်ပေးရန်လိုအပ်မှု၊ မြန်မာနိုင်ငံသို့ ရင်းနှီးမြှုပ်နှံမှုလာရောက်ဆောင်ရွက်ကြသည့် တရုတ်နိုင်ငံသားများ၏ ပြည်ဝင်ဗီဇာနှင့် နေခွင့်ဆိုင်ရာလုပ်ငန်းများ အဆင်ပြေစေရေးအတွက် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး၊ တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသားများအား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုအရ ပြန်လည်ပြည်နှင်လွှဲပြောင်းပေးမှုနှင့် နှစ်နိုင်ငံပြည်သူများ တရားဝင် ဝင်/ထွက်မှုရှိစေရေးအတွက် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စိစစ်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ရေး၊ ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံပြည်သူ့လုံခြုံရေးဝန်ကြီးဌာနတို့အကြား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အရာထမ်း အခြေခံသင်တန်းအမှတ်စဉ်(၂၂၃) သင်တန်းဖွင့်





ရန်ကုန် ဇွန် ၉

အရာထမ်း အခြေခံသင်တန်းအမှတ်စဉ်(၂၂၃) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားတွင် ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းသား သင်တန်းသူများသည် နောင်တစ်ချိန်တွင် နိုင်ငံတော်၏ အဓိကတာဝန်များကို ထမ်းဆောင်ရမည့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် စိတ်ဓာတ်နှင့် စွမ်းရည်မြင့်မားသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်အောင် မိမိတို့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ လိုက်ပါကြိုးစား ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဒုတိယပါမောက္ခချုပ် (စီမံခန့်ခွဲရေး)၊ ဌာနကြီးမှူးများ၊ ပညာဌာနများမှ ပါမောက္ခများ၊ သင်ကြားပို့ချမည့် ဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အရာထမ်း အခြေခံသင်တန်းအမှတ်စဉ်(၂၂၃)သို့ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ သင်တန်းသား ၉၂ ဦး၊ သင်တန်းသူ ၉၈ ဦး စုစုပေါင်း ၁၉၀ တက်ရောက်ကြောင်းနှင့် သင်တန်းကာလမှာ ဇွန် ၉ ရက်မှ စက်တင်ဘာ ၃ ရက်အထိဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံ သစ်တောကျောင်းနှင့် ဒိုးကွင်သစ်တောပျိုးဥယျာဉ်တို့အား ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံ သစ်တောကျောင်း၌ သင်တန်းသားအိပ်ဆောင်များ စနစ်တကျထားရှိမှု၊ ကွန်ပျူတာခန်းမနှင့် စာသင်ဆောင်များတွင် သင်ကြားပို့ချနေမှုအခြေအနေနှင့် သစ်တောကျောင်းဝင်းအတွင်း သာယာလှပရေး ဆောင်ရွက်ထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့နယ်ရှိ ဒိုးကွင်ပျိုးဥယျာဉ်အတွင်း သစ်မျိုး ၁၄ မျိုးဖြင့် ပျိုးပင် ၁၄၁၀၀၀ ကျော် ပျိုးထောင်ထားရှိမှု၊ ဆေးဖက်ဝင်ဂမုန်းမျိုးစိတ် ၂၀ နှင့် မြန်မာ့ရှားပါးသစ်ခွမျိုးစိတ် ၆၀ ထိန်းသိမ်းစောင့်ရှောက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ပြင်ဦးလွင်မြို့နှင့် ပတ်ဝန်းကျင်အထူးစိမ်းလန်းစိုပြည်ရေး၊ လမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြင်ဦးလွင်မြို့ကို ချယ်ရီမြို့တော်ဖြစ်စေရေး အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport Co., Ltd. (TPE) မှ Chief Engineer Mr. Akeksandr Senin အား လက်ခံတွေ့ဆုံ



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport Co., Ltd. (TPE) မှ Chief Engineer ဖြစ်သူ Mr. Akeksandr Senin အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဇွန် ၉

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Tyazhpromexport Co., Ltd. (TPE) မှ Chief Engineer Mr. Akeksandr Senin အား ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) အောင်မြင်စွာစတင်လည်ပတ်နိုင်ရေးအတွက် စာချုပ်မူဘောင်ပါ သတ်မှတ်ချက်များ အမြန်ဆုံးပြီးမြောက်နိုင်ရန် TPE ကုမ္ပဏီမှ နည်းပညာကျွမ်းကျင်ပညာရှင်များ၊ သံနှင့်သံမဏိဆိုင်ရာ ပညာရှင်များနှင့် မြန်မာနိုင်ငံဘက်မှ နည်းပညာကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ အောက်ဆီဂျင်အလုပ်ရုံ ပြန်လည်ဆောင်ရွက်ခြင်းနှင့် စမ်းသပ်လည်ပတ်ခြင်း၊ Romelt အလုပ်ရုံအား ပိုမိုထိရောက်စွာလည်ပတ်နိုင်မည့် နည်းလမ်းများကို အကြံပြုဆွေးနွေးခြင်း၊ ဘာသာရပ်အလိုက် နည်းပညာများ လွှဲပြောင်းပေးခြင်း၊ သင်တန်းများ ပို့ချပေးခြင်း၊ ရုရှား-မြန်မာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု၏ ပြယုဂ်တစ်ခုဖြစ်သည့် အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်၍ ဆွေးနွေးညှိနှိုင်းသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စက်ရုံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဒုတိယဝန်ကြီး ဦးရဲတင့် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၊ ခရိုင်ကျောင်းစာကြည့်တိုက်နှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ သွားရောက်ကြည့်ရှု

ပြင်ဦးလွင် ဇွန် ၉

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးရဲတင့်သည် ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ ပညာကြိုးစားသင်ယူကြရေး၊ ဗဟုသုတပြည့်ဝသော လူငယ်များဖြစ်အောင် ကြိုးစားရေး၊ စာပေလေ့လာဖတ်ရှုပြီး ဗဟုသုတပြည့်ဝကာ စာတတ်ရုံသာမက ပညာပြည့်ဝသူများဖြစ်အောင် ကြိုးစားရေး၊ ကျောင်းသားဝတ္တရား၊ သားသမီးဝတ္တရား ကျေပွန်သော လူငယ်များဖြစ်စေရေး၊ မိဘဆရာများနှင့် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိသူများ၊ နိုင်ငံ့အကျိုးသယ်ပိုးထမ်းရွက်နိုင်သည့် နိုင်ငံ့သားကောင်း ရတနာများဖြစ်အောင် ကြိုးစားကြရေးတို့ကို မှာကြားသည်။

**ကျောင်းစာကြည့်တိုက် ဝင်ရောက်ကြည့်ရှု**

ထို့နောက် ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များ လှူဒါန်းပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက လှူဒါန်းသည့်အားကစားပစ္စည်းများပေးအပ်သည်။ ဆက်လက်၍ ကျောင်းစာကြည့်တိုက်ကို ဝင်ရောက်ကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအတွက် စာဖတ်ခြင်းမှ အကျိုးကျေးဇူးရရှိစေမည့် ဆွေးနွေးဟောပြောမှုများဖြစ်စေရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြင်ဦးလွင်ခရိုင်ပြည်သူ့စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး စာဖတ်သူ၊ စာငှားသူ တိုးတက်ရေးနှင့် စာအုပ်စာစောင်များ ပျောက်ဆုံးပျက်စီးမှုမရှိစေရေးတို့ကို မှာကြားသည်။

**လုပ်ငန်းနှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များမှာကြား**

ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံဇုန်နယ်မှူးနှင့် စက်ရုံမှူးတို့အားတွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို မှာကြားသည်။



ဒုတိယဝန်ကြီး ဦးရဲတင့် ပြင်ဦးလွင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

ထို့နောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံသို့ရောက်ရှိပြီး စက်ပစ္စည်းများ စနစ်တကျ ထိန်းသိမ်းအသုံးပြုရေး၊ စက်ရုံလုံခြုံရေးနှင့် မီးဘေးအန္တရာယ် မဖြစ်စေရေးတို့ကို မှာကြားသည်။

**ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်**

ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ (၀၉၃)

# မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ဆေးရုံအဆောက်အအုံနှင့် ဓာတ်ခွဲခန်းများပြုပြင်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲ ကျင်းပ



နေပြည်တော် ဇွန် ၉

မန္တလေးငလျင်ကြီးကြောင့်ပျက်စီးသွားသောဆေးရုံအဆောက်အအုံနှင့် ဓာတ်ခွဲခန်းများပြုပြင်ရန် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄)၌ ကျင်းပပြုလုပ်ရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အလှူရှင်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်

အခမ်းအနားတွင် အလှူရှင်အသင်းအဖွဲ့များက လှူဒါန်းရသည့် အကြောင်းရင်းကို ရှင်းလင်းတင်ပြကြပြီး မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်က ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော နေပြည်တော် ကလေးရောဂါအထူးကုဆေးရုံကြီးနှင့် သားဖွားမီးယပ်ရောဂါအထူးကုဆေးရုံကြီးတို့ရှိ ဆေးရုံအဆောက်အအုံများပြုပြင်ရန် ငွေကျပ် ၁၀၄၈ ဒသမ ၀၀၀ သန်း၊ မြန်မာ-တရုတ် အမျိုးသားကုသိုလ်ဖြစ်အသင်းက ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော နေပြည်တော် သားဖွားမီးယပ်ရောဂါ အထူးကုဆေးရုံကြီး မီးယပ်ဆောင်နှင့်ခွဲစိတ်ဆောင်ပြုပြင်ရန် ငွေကျပ် ၁၁၃ ဒသမ ၀၀၀ သန်း၊ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဓာတ်ခွဲခန်းပြုပြင်ရန် ငွေကျပ် ၇၈ ဒသမ ၁၇၅ သန်း၊ Medi-Health Co., Ltd နှင့် Drug International Ltd တို့က ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် အသုံးပြုရန် Modular Office နှစ်လုံးအတွက် ငွေကျပ်သိန်း ၉၅၀ နှင့် မြန်မာတရုတ်အမျိုးသမီးများအသင်းက ငွေကျပ်သိန်း ၁၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

### အမြန်ဆုံးပြုပြင်သွားမည်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသော ဆေးရုံ၊ အဆောက်အအုံနှင့် ဓာတ်ခွဲခန်းများပြုပြင်ရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ပျက်စီးမှုအမျိုးအစားနှင့် ပျက်စီးမှုပုံစံအဆင့်များအလိုက် လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောက်လုပ်ရေး အင်ဂျင်နီယာပညာရှင်များက စနစ်တကျခန့်မှန်းတွက်ချက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် အမြန်ဆုံးပြုပြင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် အီသီယိုးပီးယားနိုင်ငံသား ၄၃ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်



နေပြည်တော် ဇွန် ၉

အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် အီသီယိုးပီးယားနိုင်ငံသား ၄၃ ဦးကို မြန်မာ-ထိုင်း အမှတ် (၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံး၊ လုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင့်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများအား လိုအပ်သည့် စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို မှာကြားသည်။

ထို့နောက် ပြည်နှင့်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇွန် ၉ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၁၁၄ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၅၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၃၆၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၉

အကြမ်းဖက်အုပ်စု အဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေး သတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၈ ရက်တွင် အသိပေး ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "ကိုဖိုးဝ" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မွန်ပြည်နယ် ပေါင်မြို့နယ် ကဒါရပ်ကွက်နေ ကျော်အာကာဝင်း(ခ) ဖိုးဝအား နံနက် ၁၀ နာရီခွဲတွင် ပေါင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ကြောင်းသိရသည်။ သတင်းစဉ်

■ စာမျက်နှာ ၂၄ မှ

အိမ်ကွင်းမှာလည်း ကစားရမှာဖြစ်တာကြောင့် ပရိသတ်တွေရဲ့ အားပေးမှုနဲ့အတူ ပါကစ္စတန်ကို အနိုင်ရဖို့ ကြိုးစား သွားမှာပါဟု ပြောသည်။ မြန်မာအသင်းနှင့် ပါကစ္စတန် အသင်းတို့ ပွဲစဉ်အား ယနေ့ညနေ ၄နာရီ ၄၅မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Parliament Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

(NGB)

| ၂၀၂၆ကမ္ဘာ့ဖလား ခြေစစ်ပွဲ(ဥရောပဇုန်) အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| ကာဇက်စတန် | ၀ - ၁ | မြောက်မက်ဆီဒိုးနီးယား | |

| နိုင်ငံတကာဘောလုံးခြေစမ်းပွဲစဉ် အနိုင်၊ အရှုံး (NGB) | | | |
|---|---|---|---|
| လက်ချီတိန်း | ၀ - ၄ | စကော့တလန် | |

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီစာသင်တိုက်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဇွန် ၉

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သီတဂူဗုဒ္ဓတက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးနေမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတောင်ရိုးဆွမ်းဦးပုညရှင်စေတီတော်နှင့် သာသနိကအဆောက်အအုံများအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများနှင့် စစ်ကိုင်းမြို့ ပိုးတန်းရပ်ကွက် မြို့မအားကစားခန်းမရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပစ္စည်းရရှိ/ထုတ်ပေးဌာန၌ လုပ်ငန်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ လုပ်အားပေးဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များ ပေးအပ်သည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်ကိုင်းမြို့ မြို့တော်ခန်းမ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းနှင့် နေအိမ်အဆောက်အအုံများ၊ မင်းလမ်းရပ်ကွက် ရတနာဗိမာန် ထူပါရုံရွှေကျောင်းတိုက်ရှိ သာသနိကအဆောက်အအုံများနှင့် သောတပန်ရပ်ကွက် သကျမိတာသီလရှင်စာသင်တိုက်နှင့် လေးကျွန်းမာရ်အောင် မြတ်စွာဘုရားကြီးရှိ သာသနိကအဆောက်အအုံများ၌ စက်ယန္တရားကြီးများဖြင့် အပျက်အစီးများဖယ်ရှားရှင်းလင်းမှု၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ စာသင်ကျောင်းအတွင်း ရေသန့်စက်ထားရှိမည့် အဆောက်အအုံသစ်ဆောက်လုပ်နေမှုနှင့် ယာယီကျောင်းဆောင်များ ဆောက်လုပ်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် စစ်ကိုင်းတောင်ရှိ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းအချို့ ပြန်လည်နေရာချထားနိုင်ရေးအတွက် ရွာထောင်ရပ်ကွက်ရှိ လျာထားမြေလွတ်နေရာအား စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေသည့်အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ မြို့မအားကစားခန်းမ၌ ငလျင်ဘေးသင့်ပြည်သူများ ကူညီကယ်ဆယ်ရေးပစ္စည်းများရရှိ/ထုတ်ပေးနေမှု ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကြက်ယက်ဆုတောင်းပြည့်မြတ်စွာဘုရား၊ ရွှေကြက်ကျဆုတောင်းပြည့်မြတ်စွာဘုရား၊ နန်းဦးကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ အဘယာရာမ မိုးထိကျောင်းတိုက်များသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားစေတီများနှင့် သာသနိကအဆောက်အအုံများရှိ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်နေမှု၊ ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ရှေးမူမပျက် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ဆုံးပြီးစီးဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက်ရှိ ရွှေစေတီစာသင်တိုက်၊ ကုလားကျောင်းကျေးရွာအုပ်စုရှိ ရွာဦးဘုန်းကြီးကျောင်း၊ ကိုးပင်ကျေးရွာအုပ်စုရှိ မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ (အင်းကုန်း)သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများအား ရှင်းလင်းဖယ်ရှားနေမှုနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကုလားကျောင်းကျေးရွာအုပ်စုရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ မြန်မာသံတော်မြတ် ကုမ္ပဏီလီမိတက်၊ ကြံနှစ်ကောင် ဘိလပ်မြေစက်ရုံမှ လှူဒါန်းသည့် RC တစ်ထပ်စာသင်ကျောင်းဆောင် ဆောက်လုပ်နေမှုနှင့် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုများနှင့် ကျောက်ဆည်မြို့ ကြောင်ပန်းကုန်းကျေးရွာအုပ်စုရှိ သမိုင်းဝင် တမုတ်ရှင်ပင်ရွှေဂူဘုရားကြီး၌ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား ဖယ်ရှားရှင်းလင်းပြီးစီးမှုနှင့် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကြက်ကျ ဆုတောင်းပြည့်မြတ်စွာဘုရား ထိခိုက်ပျက်စီးခဲ့သော စေတီတော်၏ အနောက်မြောက်ထောင့်ရှိ ဂန္ဓကုဋိတိုက်အမိုးများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## လျှင်အသိပညာပေးဟောပြောပွဲနှင့် လျှင်ဘေးအန္တရာယ် သတ္တာန်တူ ဇာတ်တိုက် လေ့ကျင့်ခြင်းသရုပ်ပြသ

**ပျဉ်းမနား ဇွန် ၉**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၌ လျှင်အသိပညာပေးဟောပြောပွဲနှင့် လျှင်ဘေးအန္တရာယ်သတ္တာန်တူ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ပျဉ်းမနားမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ဇွန် ၇ ရက်နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ လျှင်အသိပညာပေးဟောပြောပွဲနှင့် လျှင်ဘေးအန္တရာယ်သတ္တာန်တူဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းကို အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစဝီလီဖရန့်က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ယင်းနောက် လျှင်ဘေးသတ္တာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်း ဆောင်ရွက်မှုအဖြစ် လျှင်လှုပ်ခတ်ခြင်းအကြောင်း အချက်ပေးခြင်းနှင့်အတူ ကျောင်းသား၊ ကျောင်းသူများက အဆောက်အအုံနှင့် လွတ်ကင်းရာ ကွင်းပြင်နေရာများတွင် နေရာယူခြင်းတို့ကို သရုပ်ပြသကြပြီး ကယ်ဆယ်ရေးအဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သရုပ်ပြခြင်း၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက ရှေးဦးသူနာပြုစုခြင်း သရုပ်ပြသခြင်းနှင့် ဘေးကင်းလုံခြုံသည့်နေရာများသို့ ပို့ဆောင်ပေးခြင်း စသည့်သရုပ်ပြသမှုများ ဆောင်ရွက်ခဲ့ကြသည်။



ဆက်လက်၍ လျှင်အသိပညာပေးဟောပြောပွဲနှင့် လျှင်ဘေးအန္တရာယ်သတ္တာန်တူ ဇာတ်တိုက်လေ့ကျင့်သရုပ်ပြသခြင်းကို အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးက လျှင်ဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ၊ လျှင်လှုပ်နေစဉ်တွင် လိုက်နာရမည့်အချက်များနှင့် လျှင်လှုပ်နေစဉ်တွင် ရှောင်ရှားသင့်သည့်အချက်များလည်းကောင်း၊ ပျဉ်းမနားခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ထွန်းလင်းဦးက လျှင်လှုပ်ပြီးနောက်ပြုလုပ်ရန် အချက်များနှင့် လျှင်လှုပ်ပြီးနောက် ရှောင်ရှားသင့်သည့် အချက်များအားလည်း အသီးသီး အသိပညာပေး ဟောပြောဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ လျှင်ဘေးအန္တရာယ်သတ္တာန်တူ ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းများ ဆောင်ရွက်ခဲ့ပြီး ပျဉ်းမနားမြို့နယ်အတွင်းရှိ ကျန်ရှိသည့် အခြေခံပညာကျောင်းများတွင်လည်း လျှင်အသိပညာပေးဟောပြောပွဲနှင့် လျှင်ဘေးအန္တရာယ်သတ္တာန်တူ ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အင်ပက်များ အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**သရက် ဇွန် ၉**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်(ကြွပ်ကြွပ်အိတ်)အစားငှက်ပျောဖက်၊ အင်ဖက်စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း Campaign နှင့် အင်ဖက်များ အခမဲ့ ဖြန့်ဝေခြင်းကို ယနေ့ နံနက် ၈နာရီက မြို့မဈေးအတွင်း ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှဝန်ထမ်းများ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများက ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာ ယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် အင်ဖက်၊ စက္ကူအိတ်များ အခမဲ့ဖြန့်ဝေကာ ပလတ်စတစ်အိတ်(ကြွပ်ကြွပ်အိတ်)အသုံးပြုမှုလျှော့ချရေးအတွက် အသိပညာပေးပြောကြားပေးခဲ့ကြောင်းသိရသည်။

**(အပေါ်ပုံ)**

**စော်ထက်(သရက်)**

၀-၀-၀-၀-၀-၀

## ကုန်ညွှန်းအမှတ်သားဖော်ပြထားသည့် Sprite အမှတ်တံဆိပ် အချိုရည်ဘူးများ ရောင်းချနေခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး

**ဆင်ပေါင်ဝဲ ဇွန် ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဦးနိုင်ဦး ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့ နံနက် ၈ နာရီက ဆင်ပေါင်ဝဲမြို့ပေါ်ရှိ ကုန်စုံဆိုင်များတွင် ထိုင်းဘာသာဖြင့် ကုန်ညွှန်းအမှတ်သားဖော်ပြထားသည့် Sprite အမှတ်တံဆိပ်အချိုရည်ဘူးများ ရောင်းချနေခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ဆင်ပေါင်ဝဲမြို့ပေါ်ရှိ ကုန်စုံဆိုင်များအား ကွင်းဆင်းစစ်ဆေးရာတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ဆိုင်ရှင်များအနေဖြင့် ထိုင်းဘာသာဖြင့် ကုန်ညွှန်းအမှတ်သားဖော်ပြထားပြီး အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ထောက်ခံချက် မပါရှိသော အစိမ်းရောင်ပလတ်စတစ်ဘူးများဖြင့် ရောင်းချခြင်း ရှိ၊ မရှိ၊ မြန်မာဘာသာဖြင့် ကုန်ညွှန်းအမှတ်အသားဖော်ပြထားခြင်း ရှိ၊ မရှိ၊ Sprite အမှတ်တံဆိပ်အချိုရည်ဘူးများ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိလျှင် နောက်နောင် စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်မည့် ပြစ်မှုပြစ်ဒဏ်များကို အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(ယာပုံ)ခနွဲ့ဝင်း(ဆင်ပေါင်ဝဲ)**



## အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၇ ရက် ညနေ ၄ နာရီ ၅ မိနစ်က သတင်းအရ သက်သေများနှင့်အတူ တန့်ယန်းမြို့၊ ရပ်ကွက်(၉)ရှိ မနန်းခမ်း ဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မနန်းခမ်း(၄၃)နှစ်ဆိုသူအား တန့်ယန်းမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**


### ယာဉ်မောင်းသူများ လိုက်နာရန်

- မြို့တွင်းတစ်နာရီ ၄၈(ကီလိုမီတာ)အတွင်း ယာဉ်များ မောင်းနှင်ရန်နှင့် ဆိုင်ကယ်စီးနင်းကြရန်။
- အရက်သောက်လျှင် (လုံးဝ) ကားမမောင်းရ၊ ဆိုင်ကယ်မစီးရ။
- ဆိုင်ကယ်များ(ညာလမ်း)မှစီးနင်းကြရန်။
- (မီးနီ၊ မီးဝါ)လုံးဝဖြတ်မမောင်းရ၊ မစီးရ။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ**


## တာချီလိတ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၇ ရက် မွန်းလွဲ ၃ နာရီက သတင်းအရ သက်သေများနှင့်အတူ တာချီလိတ်မြို့၊ မကာအိုခမ်းရပ်ကွက်တွင် လမ်းလျှောက်လာသူ စိုင်းအောင်ခမ်း ဆိုသူအား စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ညနေ ၅ နာရီ ၁၀ မိနစ်တွင် ၎င်းနေထိုင်သည့် တာချီလိတ်မြို့၊ ဆန်ဆိုင်း(ခ)ရပ်ကွက်ရှိ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ အား ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုင်းအောင်ခမ်း (၂၆)နှစ် ဆိုသူအား တာချီလိတ်မြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ကွင်းဆက်များကို ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



**(ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# အမှိုက်ကား...အမှိုက်ကား...အမှိုက်ကား လာပြီဗျို့

သင်းသင်း(မန္တလာ)



အမှိုက်နှင့်စပ်လျဉ်း၍ ဤဆောင်းပါးကို ရေးမည်ဆိုလျှင် ကွယ်လွန်သွားပြီဖြစ်သော ကျွန်မ၏ ဖခင်ကြီးမှ ကျွန်မတို့မောင်နှမအား ငယ်စဉ်ကစလို့ "အမှိုက်ဘယ်လိုပစ်ရမည်" ဟူသော ဆုံးမခဲ့သည့် စကားက စရမည်ဖြစ်သည်။ ဤအကြောင်းအရာကိုလည်း ကျွန်မ ယခင် ရေးခဲ့ဖူးသော ဆောင်းပါးတစ်ပုဒ်တွင် ထည့်သွင်းရေးခဲ့ဖူးပေသည်။ ယခုဆောင်းပါးတွင်လည်း ပြန်လည်ထည့်သွင်းရေးသားလိုပေသေးသည်။

ကျွန်မ၏ ဖခင်သည် ယခင်က မန္တလေးတက္ကသိုလ်၊ ဓာတုဗေဒဘာသာရပ်အတန်းတက်ရောက်သင်ကြားခဲ့သူ၊ ထိုမှဘွဲ့ရသော် ၄င်းမန္တလေးတက္ကသိုလ်၊ ဓာတုဗေဒဌာနတွင် ကျူတာ ဆရာဘဝဖြင့် တာဝန်ထမ်းဆောင်ပေးခဲ့သူတစ်ဦး ဖြစ်သည်။ ထိုသို့ တာဝန်ထမ်းဆောင်ပေးနေစဉ် တစ်နေ့တွင် ပါမောက္ခချုပ်မှ ကျွန်မ ဖခင်ကို ရုံးခန်းခေါ်တွေ့ကာ တိုင်းတစ်ပါးမှ မန္တလေးအရေပြားကုသဆေးရုံတွင် လာရောက်တာဝန်ထမ်းဆောင်သော နိုင်ငံခြားသားကြီးတစ်ဦး၏ သားဖြစ်သူ မန္တလေးတက္ကသိုလ်ကျောင်းသားမှာ ဓာတုဗေဒဘာသာရပ်ကို မလိုက်နိုင်သဖြင့် သူ့အဖေက ဆရာ့အိမ်၌ ကျောင်းပိတ်ရက်တွင် ခေါ်ယူလျက် အချိန်ပိုသင်ပေးရန် ပြောလာသည်။ သို့ဖြင့် ကျွန်မ ဖခင် ထိုမှစ အိမ်ခေါ် ဓာတုဗေဒ အချိန်ပိုသင်ကြားပေးခဲ့ရသည်။ တစ်ရက်တွင် ကျွန်မ ဖခင်က ထိုသူအား ထမင်းဖိတ်ကျွေးခဲ့သည်။ ကျွန်မ၏ မိခင်လက်ရာဖြစ်သည်။ ထိုကျောင်းသား မြန်မာထမင်းဟင်း အလွန်အဆင်ပြေစွာ စားမြိန်ခဲ့သည်။ သူ အဆင်မပြေဖြစ်သွားသည်က ကျွန်မ၏မိဘမှ သူ၏ ထမင်းစားပွဲ ထက်က စားပြီးမလိုအပ်သည့် အရိုး၊ ခရမ်းချဉ်သီး၊ အဖတ် စသည့် "အမှိုက်ထည့်ရန်" ပန်းကန်ပြားအသေးတစ်ချပ် အသင့်ချပေးထားသည်။ သို့သော် ထိုနိုင်ငံခြားသား ဧည့်သည်လေးသည် သူစားထားသည့် သီးစုံချဉ်ရည်ထဲမှ ဒန့်သလွန်သီးစားပြီး အဖတ်အား ဘယ်ပစ်ရမှန်းမသိ နံဘေးက အမှိုက်ထည့်ရန် ပန်းကန်ပြားအသေးထဲလည်း မထည့်ဖြစ်နေသည်။ နောက်ဆုံး သူပါလာသော ယောကျ်ားကိုင် လက်ကိုင်ပဝါအခေါက်လေးထဲ (ထိုစဉ်က တစ်ရှူးမသုံးသေးချိန်)ထည့်၍ ယူသွားသည်။ ဖခင်ပြောပြချက်အရ "သူတို့၏ စွန့်ပစ် အမှိုက်" ကိုတွေ့ရာ မထားရက်၊ မပစ်ရက်၊ မပစ်တတ်၊ လူမြင်မည်ကိုလည်း စိုးသည်။ ရှက်သည့်ဟန် ရှိနေသည်။ စည်းကမ်းရှိလွန်း နေသည်။ နိုင်ငံကြီးသားပီသပေသည်ဟု ဆိုရမည်။ လေးစားအတု ယူဖွယ်ရာလည်း ဖြစ်သည်။

သို့ကြောင့်လည်း ကျွန်မကြီးပြင်းလာခဲ့သောအခါ ငယ်စဉ်ကတည်းက ကျွန်မ ဖခင်မှ ဆုံးမခဲ့သည့် ဆုံးမစကားကြောင့် "စည်းကမ်းစနစ်တကျ" အမှိုက်စွန့်ပစ်တတ်ခဲ့သည်။ အမှိုက်နှင့်စပ်လျဉ်းသည့် သန့်ရှင်းလှပနေခြင်း၊ စွန့်ပစ်ကြခြင်းများကိုလည်း စိတ်ဝင်တစားလေ့လာခဲ့မိပါသည်။ စည်းကမ်းစနစ်တကျနေထိုင်ပြီး စည်းကမ်းစနစ်တကျ အမှိုက်စွန့်ပစ်တတ်သူများကိုလည်း "လေးစားမြတ်နိုးမိတတ်ခဲ့" လေသည်။ ထို့အတူ ကျွန်မကို လေ့လာချစ်ကြည်ရေးဖိတ်ကြား၍ လေ့လာချစ်ကြည်ရေးသွားရောက်ခဲ့ရသော ကမ္ဘာ့နိုင်ငံအသီးသီးကိုလည်း လေ့လာနိုင်ခဲ့သည်။ ယင်းနိုင်ငံအသီးသီးလိုပင် နိုင်ငံအဝင်၊ မြို့အဝင်မှသည်လည်းကောင်း၊ ထိုနိုင်ငံအတွင်း နေရာတိုင်းလိုလိုပင် "အမှိုက်ကင်းစင် သန့်ရှင်း" နေသည်ကို "လေးစားအားကျဖွယ်" လေ့လာနိုင်ခဲ့သည်။ တစ်ဆက်တည်း ကျွန်မတို့နိုင်ငံသည်လည်း ထိုနိုင်ငံများနည်းတူ "အမှိုက်ကင်းစင် သန့်ရှင်း" နေလျှင် ကောင်းလေစွဟု "မျှော်လင့်လိုက်မိခဲ့" ပေသည်။ ကျွန်မနည်းတူ မိဘပြည်သူများအနေဖြင့် မျှော်လင့်ကြစေလိုသည်။ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိမြို့ရွာရပ်ကွက် အမှိုက်ကင်းစင် သာယာလှပစေရန် တစ်ဦးချင်း၊ တစ်အိမ်ချင်းမှသည် မြို့၊ ရွာ၊ ရပ်ကွက်၊ နိုင်ငံတော်အဆင့်အတန်း ဝိုင်းဝန်းဆင်ခြင် ကြိုးပမ်းဆောင်ရွက်ကြစေလိုသည်။

ကျွန်မအနေဖြင့် ငယ်စဉ်ကတည်းက အမှိုက်နှင့်စပ်လျဉ်း၍ ကျွန်မ ဖခင်ကြီး ဆုံးမသွန်သင်ခဲ့မှုကြောင့်လည်း အမှိုက်ကို ပရမ်းပတာ စည်းကမ်းမဲ့ မပစ်တတ်သလို သန့်ရှင်းအောင်နေတတ်သူ၊ နေသောအိမ်ကို လေ့လာနှစ်သက်မြတ်နိုးတတ်လေ့ရှိသည်။ သို့အတွက်ကြောင့်လည်း မြို့၊ ရွာ၊ ရပ်ကွက်တိုင်းကို သန့်ရှင်းသာယာလှပအောင် "စေတနာအပြည့်အဝထား ဆောင်ရွက်ပေးလျက်ရှိသော" ကျွန်မ လေ့လာထားနိုင်ခဲ့သည့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနအကြောင်းကို တင်ပြပေးလိုပါသည်။

ယနေ့ကာလ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ မန္တလေး(၆)မြို့နယ်အတွင်း နေ့စဉ်ထွက်ရှိစွန့်ပစ်သည့် အမှိုက်များကို သိမ်းဆည်းပေးလျက်ရှိရာတွင် အမှိုက်သိမ်းမော်တော် ယာဉ် ၂၈၀ စီး၊ သုံးဘီးဆိုင်ကယ် ၂၅၀ စီး ခန့်နှင့် အမှိုက်ကန်ပေါင်း ၄၀၀ ကျော်ချထားကာ စနစ်တကျသိမ်းဆည်းပေးလျက်ရှိသည်။ အဆိုပါ (၆)မြို့နယ်များသို့ အမှိုက်သိမ်းယာဉ်များဖြင့် သန့်ရှင်းရေးဌာနမှ ဝန်ထမ်း ၁၄၀၀ ခန့်ဖြင့် အတူတစ်ရက်ခြား နံနက် ၆ နာရီမှစတင်ထွက်ခွာ၍ အမှိုက်များကို သိမ်းဆည်းပေးလျက်ရှိကြပေသည်။ အမှိုက်ကားဝင်ရန် ခက်ခဲသည့်နေရာ ရပ်ကွက်များသို့လည်း သုံးဘီးဆိုင်ကယ်များဖြင့် လိုက်လံအမှိုက်သိမ်းဆည်းပေးကြရသည်။ ထို့အပြင် တက္ကသိုလ်၊ ဆေးရုံ၊ သာသနိကအဆောက်အအုံစသည်တို့တွင်လည်း သွားရောက်အမှိုက်များ သိမ်းဆည်းပေးလျက်ရှိကြသည်။ သဘာဝဘေးအန္တရာယ်များ ကျရောက်လာချိန်များတွင်လည်း လိုအပ်သည့်အမှိုက်များ သိမ်းဆည်းသန့်ရှင်းကျန်းမာစေမှုများကို ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ မြို့တော်နေ ပြည်သူ တော်တော်များများ၏ စည်းကမ်းမဲ့စွာ အလွယ်တကူစွန့်ပစ်သော အမှိုက်များကြောင့် ချောင်း၊ မြောင်း၊ ရေမြောင်းများ ပိတ်ဆို့ခြင်းများကိုလည်း ယင်းစွန့်ပစ်အမှိုက်များကြောင့် ရေမြောင်းများ ပိတ်ဆို့၊ ရေလျှံမှုများ မဖြစ်စေရေး၊ နီးရာပတ်ဝန်းကျင် မြို့နေပြည်သူများ ကျန်းမာရေး မထိခိုက်စေရေးအတွက်လည်း အစဉ်ဂရုတစိုက်ပင် ပိတ်ဆို့အမှိုက်များ ဆယ်ယူသန့်ရှင်းခြင်း၊ မြောင်းများ ဆယ်ယူပေးခြင်းကို နေ့၊ ညမနား ဆောင်ရွက်ပေးလျက်ရှိကြသည်။ တစ်မြို့နယ်အတွင်း တစ်ရက်ထွက်ရှိသော အမှိုက်ပျမ်းမျှ တန်ချိန်သည် တန် ၂၀၀ မှ ၂၁၇ တန်ထွက်ရှိ သိမ်းဆည်းပေးရပြီး မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ မြို့နယ်(၆)မြို့နယ်တွင် တစ်ရက်လျှင် အမှိုက်တန်ချိန် ၁၂၀၀ မှ ၁၃၀၀ ထွက်ရှိနေသည် ဖြစ်သည်။

ထိုသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနအနေဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်မြေအတွင်း နေ့၊ ည နေပူမိုးရွာမရှောင် မနားတမ်း "အနံ့ဆိုးများအကြား" မြို့တော်နှင့် မန္တလေးမြို့နေလူထု၏ မြို့၊ ရွာ၊ ရပ်ကွက်၊ လမ်းကြိုလမ်းကြား၊ ရေဆိုးမြောင်းတွင်းပါမရှောင်၊ မန္တလေးမြို့တော်နှင့် မြို့နေလူထု ပိုမိုကျန်းမာသာယာလှပစေရေးအတွက် အစွမ်းကုန် "အရှိန်အဟုန်ဖြင့်" ဆောင်ရွက်ပေးနေသော်လည်း မန္တလေးမြို့တော်နယ်မြေအတွင်း နေထိုင်သွားလာနေကြသော အတော်များများ ကလေး၊ လူငယ်၊ လူကြီးများသည် မိမိအိမ်ရာ၊ မိမိအမှိုက်များကို "စည်းကမ်းမဲ့၊ အညှာအတာမဲ့၊ ပရမ်းပတာ" တွေ့ရာနေရာများတွင် စွန့်ပစ်နေကြသည်ကို တွေ့ရသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ သတ်မှတ်ထားသော စည်းကမ်းနှင့်အညီ အချို့မိဘပြည်သူများက လေးစားလိုက်နာ စနစ်တကျထုပ်ပိုး၍ သတ်မှတ်အမှိုက်ကား(အမှိုက်သိမ်းယာဉ်)၊ သုံးဘီးဆိုင်ကယ်၊ အမှိုက်ပုံး၊ အမှိုက်ကန်များသို့ စွန့်ပစ်ကြသော်လည်း အတော်များများသော မိဘပြည်သူများသည် တွေ့ရာနေရာစွန့်ပစ်တတ်ကြသလို လမ်းမကြီးနံဘေး၊ လမ်းကြိုလမ်းကြား၊ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်းဝင်းနံဘေးတွင် "ပက်ပက်စက်စက် စွန့်ပစ်တတ်လေ့ရှိကြ" သည်ကို တွေ့ရသည်။ ထိုမှတစတစ မြင်မကောင်းလောက်အောင် တောင်ပုံရာပုံအနံ့ဆိုးကြီးများဖြင့် "အမှိုက်ပုံကြီးများ" ဖြစ်လာတော့သည်။ မြို့တော်သန့်ရှင်းသာယာလှပစေမှုကို ထိခိုက်သွားစေသည်။ ဤသည်ကိုလည်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနကပင် သိမ်းဆည်းကြရပြန်သည်။ အချို့လုပ်ရပ် ရှိသေးသည်။ စည်းကမ်းမဲ့ညစ်ထေးလွန်းစွာ မိမိတို့ကျင်ကြီးများကို ပလတ်စတစ် (ကြွပ်ကြွပ်အိတ်)များဖြင့် ထုပ်ပိုးကာ မိမိအိမ်ဝအရောက် လာရောက်သိမ်းဆည်းပေးသည့် "အမှိုက်ကားပေါ်" ထည့်၍ အားမနာလွန်းစွာ စွန့်ပစ်တတ်သူများရှိနေသေးသည်။ အချို့သော ကိုယ်ပိုင်ကားစီးနေပါသည်ဆိုသောသူများသည်လည်း ထိုသူစီးလာသော ကိုယ်ပိုင်ကားလှလှပေါ်မှသည် သူ၏ စားပြီးစွန့်ပစ်အမှိုက်များကို မန္တလေးမြို့တော်၏ သာယာဖြောင့်ဖြူးလှပနေသော "နိုင်လွန်ကတ္တရာ လမ်းမကြီးထက်ပေါ်" "အောက်တန်းကျလွန်းစွာ" စွန့်ပစ်သွားတတ်ကြသည်ကို တွေ့ရသည်။ ထိုသို့သော "သူများ များများလာပါလေလျှင် - - " ကျွန်မတို့မြို့တော် ကျွန်မတို့နိုင်ငံ၏ အလှတရားများသည် "မှေးမှိန်ပျက်စီးနေစေမည်မှာ အသေချာ"။ ဤသည်ကို ဆင်ခြင်ကြရမည် ဖြစ်သည်။

မိမိတို့ အမှတ်မဲ့တွေ့ရာနေရာ သတ်မှတ်စည်းကမ်းမဲ့ပစ်လိုက်သည့် ဖန်ပုလင်း၊ ကြွပ်ကြွပ်အိတ်၊ ကားတာရာ၊ ဖော့ဘူး၊ ရေသန့်ဘူးများသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ညစ်ညမ်းသွားစေသလို မြေလွှာများကို ထိခိုက်ပျက်စီးစေသည်။ စွန့်ပစ်ဖန်ပုလင်းတစ်လုံး ဆွေးမြေ့ပျက်စီးပျောက်ကွယ်ရန် သက်တမ်းမှာ နှစ်ပေါင်း (၄၀၀)မှ (၄၀၀၀) ကြာသလို ကားတာရာ၊ ကြွပ်ကြွပ်အိတ်၊ ရေသန့်ဘူးများ ဆွေးမြေ့ပျက်စီးရန် သက်တမ်းနှစ်(၁၀၀၀) အထက်ရှိတတ်သည်မို့လည်း ယနေ့ကာလတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနအနေဖြင့် မြို့ရွာ၊ ကျေးလက်၊ လမ်းတကာ၊ အိမ်အသိပညာပေးခြင်းများ၊ အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်း၊ ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်၊ ဖော့ဘူးများ အစားထိုးသုံးရန် "အင်ဖက်များကို" အခမဲ့ဝေငှပေးနေခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရပါသည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ယနေ့ နိုင်ငံတော်၏ လမ်းညွှန်မှုနှင့်အညီ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပလတ်စတစ် (ကြွပ်ကြွပ်အိတ်) ကင်းစင်ပပျောက်ရေး (No Plastic Bag) စီမံကိန်းကိုလည်း ဆောင်ရွက်လျက်ရှိပေသည်။ အချုပ်အားဖြင့်ဆိုရသော် အထက်ပါ ကျွန်မ တင်ပြပေးခဲ့သည့်အတိုင်း ယနေ့ကာလတိုင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနသည် မန္တလေးမြို့တော်နှင့် မန္တလေးပြည်သူလူထုအတွက် မန္တလေးမြို့တော်ကြီး နိုင်ငံတကာအလယ်တွင် နိုင်ငံတကာအဆင့်မီ ခေတ်မီသန့်ရှင်းလှပသာယာစေရေး၊ မြို့နေလူထု၏ သဘာဝပတ်ဝန်းကျင်မထိခိုက်၊ သန့်ရှင်း၊ ကျန်းမာစေရေးတို့အတွက် နေ့နေ့ညည နေပူ၊ မိုးရွာ၊ လေပြင်းမရှောင် "စေတနာအပြည့်အဝထားလျက်" ဆောင်ရွက်ပေးနေကြခြင်းနှင့်အတူ "အမှိုက်ကား - - - အမှိုက်ကား - - - အမှိုက်ကားလာပြီ - - - အမှိုက်ကား လာပြီဗျို့- - - "ဟူသော အသံလေးပေးကာ မိမိတို့အိမ်ရှေ့အရောက် အရောက်လာ၊ မိမိတို့အိမ်အသီးသီး၏ စွန့်ပစ်အမှိုက်များကို လေးစားချစ်စဖွယ် "အပြုံးမပျက်" လိုက်လံသိမ်းဆည်းပေးနေသည့် "အညစ်အကြေး၊ အနံ့ဆိုးများအကြား" မှ "သန့်ရှင်းရေးဌာန ဝန်ထမ်းလေးများနှင့် အမှိုက်ကားလေးများ" ၏ မေတ္တာ၊ စေတနာ၊ စွမ်းအားကို လေးစားတန်ဖိုးထားကြလျက် မိမိတို့၏ "စွန့်ပစ်အမှိုက်များအား" မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ သတ်မှတ်ပေးထားသော စည်းကမ်းချက်များနှင့်အညီ "ဆင်ခြင်၊ စွန့်ပစ်ကြခြင်းအားဖြင့်" နိုင်ငံတကာအလယ်တွင် နိုင်ငံတကာအဆင့်မီ "နိုင်ငံ့အလှ၊ မြို့တော်အလှ" ကို ဝိုင်းဝန်းခြယ်သပေးကြစေလိုကြောင်း တိုက်တွန်းရေးသားအပ်ပေသည်။

**(ဤဆောင်းပါးဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနကို အထူးဂုဏ်ပြုအပ်ပါသည်။ ဤဆောင်းပါးဖြစ်တည်ရန် မြို့တော်စည်ပင်သာယာ၊ သန့်ရှင်းရေးဌာနသို့ လာရောက်တွေ့ဆုံမေးမြန်း အင်တာဗျူးစဉ် နေမကောင်းသည့်ကြားမှ ပြည့်စုံစွာ ဖြေကြားပေးသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာန ဌာနမှူး ဦးသန်းဇော်ထွန်းအား အထူးကျေးဇူးတင်ပါသည်။)**



# နိုင်ငံတကာ အားကစား သတင်းများ

## ယူအီးအက်ဖ်အေ နေရှင်းလိဂ် ချန်ပီယံဆုကို ပေါ်တူဂီအသင်း ဆွတ်ခူး

**လန်ဒန် ဇွန် ၉**

၂၀၂၄-၂၀၂၅ ယူအီးအက်ဖ်အေ နေရှင်းလိဂ် ချန်ပီယံဆုကို ပေါ်တူဂီလက်ရွေးစင်အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။



ပေါ်တူဂီလက်ရွေးစင်အသင်းသည် ယူအီးအက်ဖ်အေ နေရှင်းလိဂ် ဗိုလ်လုပွဲအဆင့်တွင် စပိန်လက်ရွေးစင်အသင်းကို ပင်နယ်တီ အဆုံးအဖြတ်ဖြင့် အနိုင်ရယူပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ပေါ်တူဂီလက်ရွေးစင်အသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် ယူအီးအက်ဖ်အေ နေရှင်းလိဂ် ချန်ပီယံဆုကို ၂၀၁၈-၂၀၁၉၊ ၂၀၂၄-၂၀၂၅တွင် နှစ်ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ပေါ်တူဂီလက်ရွေးစင်အသင်း ထုတ်ပြန်ချက်တွင် "ယူအီးအက်ဖ် အေနေရှင်းလိဂ် ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အခုလို ချန်ပီယံ ဆုရရှိအောင် အစွမ်းကုန်ကြိုးစားပေးတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ထုတ်ပြန်သည်။

(ဝဲပုံ)

(NGB)

## နည်းပြ စပယ်လက်တီအား နည်းပြရာထူးမှ အီတလီလက်ရွေးစင်အသင်း ထုတ်ပယ်



**တူရင် ဇွန် ၉**

အီတလီလက်ရွေးစင်အသင်းသည် ရလဒ်ဆိုးများကြောင့် အသင်းနည်းပြ စပယ်လက်တီအား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အီတလီလက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားဘောလုံး ခြေစစ်ပွဲ(ဥရောပဇုန်)အုပ်စုအဆင့်ပွဲစဉ်များတွင် ရလဒ်များ အလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

နည်းပြ စပယ်လက်တီသည် အီတလီလက်ရွေးစင်အသင်းအား ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁ရက်မှ စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၃ပွဲတွင် ၁၁ ပွဲနိုင်၊ ၆ ပွဲသရေ၊ ၆ပွဲ ရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အီတလီလက်ရွေးစင်အသင်း ထုတ်ပြန်ချက်တွင် "နည်းပြ စပယ်လက်တီအား ရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးကို အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ" ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ)

(NGB)

### နိုင်ငံတကာ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၁၀-၆-၂၀၂၅ အင်္ဂါနေ့ | ည၁၀း၃၀နာရီ | အဇာဘိုင်ဂျန် - ဟန်ဂေရီ |
| ။ | ။ | ဆလိုဗေးနီးယား - ဘော့စနီးယား |
| ။ | ည၁၁း၃၀နာရီ | ဘီလာရုစ် - ရုရှား |
| ။ | ။ | ဒိန်းမတ် - လစ်သူယေးနီးယား |
| ။ | ။ | ဆွီဒင် - အယ်လ်ဂျီးရီးယား |
| ၁၁-၆-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက်၀၁း၁၅နာရီ | ဂရိ - ဘူလ်ဂေးရီးယား |
| ။ | ။ | မြောက်အိုင်ယာလန် - အိုက်စလန် |
| ။ | ။ | အာဝ်လန် - ဆီနီဂေါ |
| ။ | ။ | လူဇင်ဘတ် - အိုင်ယာလန် |
| ။ | ။ | ဆလိုဗက်ကီးယား - အစ္စရေး |
| ။ | နံနက်၀၃း၃၀နာရီ | နယူးဇီလန် - ယူကရိန်း |
| ။ | နံနက်၀၆း၃၀နာရီ | အမေရိကန် - ဆွစ်ဇာလန် |
| ။ | နံနက်၀၇း၀၀နာရီ | မက္ကဆီကို - တူကီယဲ |
| ။ | ။ | ကနေဒါ - အိုင်ဗရီကို့စ် |

## 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Carlos Alcaraz ဆွတ်ခူး

**ပဲရစ် ဇွန် ၉**

ပြင်သစ်နိုင်ငံ၊ ပဲရစ်မြို့တွင် ကျင်းပလျက်ရှိသော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို စပိန်တင်းနစ်ကစားသမား Carlos Alcaraz က ရရှိခဲ့သည်။ (ယာပုံ)

အဆိုပါ စပိန်တင်းနစ်ကစားသမား Carlos Alcaraz သည် 2025 Roland Garros တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ်ကစားသမား Jannik Sin-ner ကို ၄-၆၊ ၆-၇၊ ၆-၄၊ ၇-၆၊ ၇-၆ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၂)နှစ်အရွယ်ရှိ စပိန်တင်းနစ်ကစားသမား Car-los Alcaraz သည် Roland Garros တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို နှစ်နှစ်ဆက်တိုက် ဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။ (NGB)



### ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးခြေစစ်ပွဲ (ဥရောပဇုန်)အုပ်စုအဆင့် (ပွဲစဉ်-၄) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|---|---|
| ၁၁-၆-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက်၀၁း၁၅နာရီ | G | ဖင်လန် - ပိုလန် | ပိုလန် ၅-၁ ဖင်လန် |
| ။ | ။ | G | နယ်သာလန် - မော်လ်တာ | မော်လ်တာ ၀-၄ နယ်သာလန် |
| ။ | ။ | H | ရိုမေးနီးယား - ဆိုက်ပရပ်စ် | ရိုမေးနီးယား ၄-၁ ဆိုက်ပရပ်စ် |
| ။ | ။ | H | ဆန်မာရီနို - ဩစတြီးယား | ဩစတြီးယား ၇-၀ ဆန်မာရီနို |
| ။ | ။ | K | လတ်ဗီးယား - အယ်လ်ဘေးနီးယား | အယ်လ်ဘေးနီးယား ၃-၃ လတ်ဗီးယား |
| ။ | ။ | K | ဆားဘီးယား - အန်ဒိုရာ | - |

### ၂၀၂၇ အာရှဖလားခြေစစ်ပွဲ(အုပ်စု-တတိယအဆင့်)(ပွဲစဉ်-၂)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | | |
|---|---|---|---|---|---|
| ၁၀-၆-၂၀၂၅ အင်္ဂါနေ့ | မွန်းလွဲ ၁၀း၀၀နာရီ | A | တီမော | - | မော်လ်ဒိုက်စ် |
| ။ | ညနေ ၄း၄၅ နာရီ | D | သီရိလင်္ကာ | - | တရုတ်တိုင်ပေ |
| ။ | ညနေ ၅း၀၀ နာရီ | E | မြန်မာ | - | ပါကစ္စတန် |
| ။ | ညနေ ၅း၃၀ နာရီ | A | ဖိလစ်ပိုင် | - | တာဂျီကစ္စတန် |
| ။ | ညနေ ၆း၃၀ နာရီ | C | ဟောင်ကောင်(တရုတ်) | - | အိန္ဒိယ |
| ။ | ။ | F | လာအို | - | နီပေါ |
| ။ | ညနေ ၆း၄၅ နာရီ | B | ဘရူနိုင်း | - | ဘူတန် |
| ။ | ည ၇ း၃၀ နာရီ | C | ဘင်္ဂလားဒေ့ရှ် | - | စင်ကာပူ |
| ။ | ။ | F | မလေးရှား | - | ဗီယက်နမ် |
| ။ | ည ၉း၃၀ နာရီ | D | တာမင်နစ္စတန် | - | ထိုင်း |
| ။ | ည ၁၁း၄၅ နာရီ | E | အာဖဂန်နစ္စတန် | - | ဆီးရီးယား |
| ၁၁-၆-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက် ၀၀း၀၀ နာရီ | B | ယီမင် | - | လက်ဘနွန် |

### ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးခြေစစ်ပွဲ (အာရှဇုန်) တတိယအဆင့် အုပ်စုလိုက် (ပွဲစဉ်-၁၀) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | အုပ်စု | ပွဲစဉ် | ပထမအကျော့ရလဒ် |
|---|---|---|---|---|
| ၁၀-၆-၂၀၂၅ အင်္ဂါနေ့ | ညနေ၅း၁၅နာရီ | C | ဂျပန် - အင်ဒိုနီးရှား | အင်ဒိုနီးရှား ၀-၄ ဂျပန် |
| ။ | ညနေ၅း၃၀နာရီ | B | တောင်ကိုရီးယား - ကူဝိတ် | ကူဝိတ် ၁-၃ တောင်ကိုရီးယား |
| ။ | ။ | C | တရုတ် - ဘာရိန်း | ဘာရိန်း ၀-၁ တရုတ် |
| ။ | ည၈း၁၅နာရီ | A | ကာဂျစ္စတန် - ယူအေအီး | ယူအေအီး ၃-၀ ကာဂျစ္စတန် |
| ။ | ။ | A | ဥဇဘက်ကစ္စတန် - ကာတာ | ကာတာ ၃-၂ ဥဇဘက်ကစ္စတန် |
| ။ | ည၁၀း၃၀နာရီ | A | အီရန် - မြောက်ကိုရီးယား | မြောက်ကိုရီးယား ၂-၃ အီရန် |
| ၁၁-၆-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက်၀၀း၄၅နာရီ | B | ပါလက်စတိုင်း - အိုမန် | အိုမန် ၁-၀ ပါလက်စတိုင်း |
| ။ | ။ | B | ဂျော်ဒန် - အီရတ် | အီရတ် ၀-၀ ဂျော်ဒန် |
| ။ | ။ | C | ဆော်ဒီအာရေဗျ - ဩစတြေးလျ | ဩစတြေးလျ ၀-၀ ဆော်ဒီအာရေဗျ |

### ၂၀၂၆ ကမ္ဘာ့ဖလား ဘောလုံးခြေစစ်ပွဲ (တောင်အမေရိကဇုန်) (ပွဲစဉ်-၁၆) — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်(ပထမအကျော့ရလဒ်) | ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲရလဒ် |
|---|---|---|---|
| ၁၁-၆-၂၀၂၅ ဗုဒ္ဓဟူးနေ့ | နံနက်၀၂း၃၀နာရီ | (၈)ဘိုလီဗီးယား - ချီလီ(၁၀)<br>(ချီလီ ၁-၂ ဘိုလီဗီးယား) | ဘိုလီဗီးယား ၂-၃ ချီလီ<br>ချီလီ ၁-၁ ဘိုလီးဗီးယား |
| ။ | နံနက်၀၅း၃၀နာရီ | (၅)ဥရုဂွေး - ဗင်နီဇွဲလား(၇)<br>(ဗင်နီဇွဲလား ၀-၀ ဥရုဂွေး) | ဥရုဂွေး ၄-၁ ဗင်နီဇွဲလား<br>ဗင်နီဇွဲလား ၀-၀ ဥရုဂွေး |
| ။ | နံနက်၀၆း၃၀နာရီ | (၁)အာဂျင်တီးနား - ကိုလံဘီယာ(၆)<br>(ကိုလံဘီယာ ၂-၁ အာဂျင်တီးနား) | အာဂျင်တီးနား ၁-၀ ကိုလံဘီယာ<br>ကိုလံဘီယာ ၂-၂ အာဂျင်တီးနား |
| ။ | နံနက်၀၇း၁၅နာရီ | (၄)ဘရာဇီး - ပါရာဂွေး(၃)<br>(ပါရာဂွေး ၁-၀ ဘရာဇီး) | ဘရာဇီး ၄-၀ ပါရာဂွေး<br>ပါရာဂွေး ၀-၂ ဘရာဇီး |
| ။ | နံနက်၀၈း၀၀နာရီ | (၉)ပီရူး - အီကွေဒေါ(၂)<br>(အီကွေဒေါ ၁-၀ ပီရူး) | ပီရူး ၁-၁ အီကွေဒေါ<br>အီကွေဒေါ ၁-၂ ပီရူး |

## ၂၀၂၄ -၂၀၂၅ ဒုတိယပညာသင်နှစ်ဝက်နှင့် ၂၀၂၅ -၂၀၂၆ ပထမပညာသင်နှစ်ဝက်တို့အတွက် ကျောင်းသား၊ ကျောင်းသူများအား စတင်ဖွင့်လှစ်သင်ကြား



**ကျောက်ဆည် ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒုတိယပညာသင်နှစ်ဝက်နှင့် ၂၀၂၅-၂၀၂၆ ပထမပညာသင်နှစ်ဝက်တို့အတွက် ကျောင်းသား၊ ကျောင်းသူများအား ဇွန် ၆ ရက် နံနက်ပိုင်းမှစတင်၍ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

နည်းပညာတက္ကသိုလ် (ကျောက်ဆည်)တွင် ၂၀၂၄ -၂၀၂၅ ဒုတိယပညာသင်နှစ်ဝက်နှင့် ၂၀၂၅-၂၀၂၆ ပထမပညာသင်နှစ်ဝက်တို့အတွက် ဘွဲ့ကြို၊ ဘွဲ့လွန်နှင့် ဒီပလိုမာသင်တန်းများကို ၂၀၂၅ ခုနှစ်၊ ဇွန် ၆ ရက်မှစတင်၍ သက်ဆိုင်ရာဘာသာရပ် အသီးသီးအလိုက် စတင်သင်ကြားပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူ အမျိုးသား ၅၅၂ ဦး၊ အမျိုးသမီး ၅၂၅ ဦး၊ စုစုပေါင်း ၁၀၇၇ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

(အပေါ်ဓဲပုံ)

**တင်တင်ထွေး**

## နတ်သမီးကမ်းပါးမြစ်ရေတင်လုပ်ငန်းခွင်ရှိ ရေတင်ပန့်များ၌ တပ်ဆင်ထားသော ပွန်တွန်းများ၏ အခြေအနေအား ကွင်းဆင်းစစ်ဆေး



**ညောင်ဦး ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစေရေးအတွက် ရေပေးဝေလျက်ရှိသည့် ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါး မြစ်ရေတင် လုပ်ငန်းခွင်ရှိ ရေတင်ပန့်များ၌ တပ်ဆင်ထားရှိသော ပွန်တွန်းနှစ်လုံး၏ အခြေအနေအား ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေပေးဝေရေးလုပ်ငန်းများ ထိခိုက်မှု ရှိ၊ မရှိ ဇွန် ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် ဝန်ထမ်းများက နတ်သမီးကမ်းပါးမြစ်ရေတင်လုပ်ငန်းခွင်သို့ သွားရောက်ပြီး မြစ်ရေတင်စနစ်ဖြင့် ကျေးရွာများသို့ သောက်သုံးရေ ဖူလုံစေရန် ရေဖြန့်ဝေပေးနေမှု အခြေအနေများ၊ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် နတ်သမီးကမ်းပါး မြစ်ရေတင် လုပ်ငန်းခွင်ရှိ ရေတင်ပန့်များနှင့် ပွန်တွန်းများ ထိခိုက်မှု ရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သောက်သုံးရေဖြန့်ဝေမှု လုပ်ငန်းများ အခက်အခဲမဖြစ်ပေါ်စေရေးအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ညောင်ဦးမြို့နယ် နတ်သမီးကမ်းပါး မြစ်ရေတင် စီမံကိန်းကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလမှစတင်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ရာသီမရွေး သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်အောင် နေ့စဉ် ရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။

(အပေါ်ပုံ) (၄၄၅)

## လျှင်ဘေးယာယီခိုလှုံစခန်းတွင် တက္ကသိုလ်လူငယ်ကြက်ခြေနီများ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ၊ အသိပညာပေးဟောပြော

**မန္တလေး ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံးတွင် အခြေပြုပြီး ငလျင်တုံ့ပြန်ရေးလုပ်ငန်းများ ဆောင်ရွက်နေကြသော တက္ကသိုလ်ကြက်ခြေနီ လူငယ်မောင်မယ်များသည် ဇွန် ၈ ရက်က မန္တလေး၊အောင်မြေသာစံမြို့နယ်၊ ၁၄လမ်း၊ ၆၅လမ်း နှင့် ၆၆လမ်းကြားရှိ ငလျင်ဘေးယာယီခိုလှုံစခန်းမှ တာဝန်ရှိသူများက စခန်းရှိမိသားစုဝင်များသည် ငလျင်မကြာခဏလှုပ်သည့်ဒဏ်ခံစားနေရခြင်း၊ အိမ်ပြို၊ အိမ်ပျက်သည့် စိတ်ခံစားမှုများဖြစ်ပေါ်နေရသဖြင့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ လာရောက်အကူအညီတောင်းခံသဖြင့် လူငယ်ကြက်ခြေနီများက ငလျင်ခိုလှုံစခန်းတွင် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခြင်း၊ လက်ဆေးနည်းကဗျာများ၊ ရုပ်ပုံကားချပ်များဖြင့် ဟောပြောခြင်း၊ ဦးရွှေရိုး၊ ဒေါ်မိုးအကဖြင့် ဖျော်ဖြေခြင်း၊ သွေးလွှန်တုပ်ကွေးကာကွယ်ရေးဆောင်ရန်၊ ရှောင်ရန်၊ အသိပညာပေးခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေရန် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး ဟောပြောခြင်း၊ ကလေးကဗျာများ သီဆိုခြင်းဖြင့် တစ်နေ့တာ စိတ်ရွှင်လန်းစေရန်အတွက် ဆောင်ရွက်ပေးခဲ့သည်။



ထိုသို့ ဖျော်ဖြေခြင်းများ အသိပညာပေးဆောင်ရွက်နေမှုများအား မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ တာဝန်ရှိသူများ၊ ကိုရီးယားနိုင်ငံ ကြက်ခြေနီအသင်းဝင်များလည်း ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (ဝ၄၅)

## စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၁၂၅ ဈေးထပ်မံကျဆင်း

**မန္တလေး ဇွန် ၉**

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းယခုတစ်ပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၁၈၅ ဖြစ်ကြောင်း စားသုံးသူရေးရာဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသည်။

ပြီးခဲ့သည့် တစ်ပတ် ဇွန် ၂ မှ ဇွန် ၈ ရက်အထိ စားအုန်းဆီ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးသည် တစ်ပိဿာလျှင် ငွေကျပ် ၆၃၁၀ ဖြစ်ခဲ့ပြီး ယခုတစ်ပတ် ဇွန် ၉ မှ ဇွန် ၁၅ ရက်အထိ ရည်ညွှန်းဈေးသည်လည်း ငွေကျပ် ၆၁၈၅ ဖြစ်သဖြင့် ငွေကျပ် ၁၂၅ ဈေးကျသွားခြင်း ဖြစ်သည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိရာ စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ် စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများကို ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။



ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

(ဓဲပုံ)

(မန္တလေးနေ့စဉ်-၅)

*-*-*-*-*-*-*

## မိုးရာသီတွင် လူထုဖြန့်ပျိုးပင် ၂၀၀၀၀ ပျိုးထောင်ထားရှိ

**ကျွန်းလှ ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန်အတွက် မြို့နယ်သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်တွင် လူထုဖြန့်ပျိုးပင် ၂၀၀၀၀ ပျိုးထောင်ထားရှိသည်။

အဆိုပါ ပျိုးပင်များအား သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရန်၊ ရာသီဥတု သင့်တင့်မျှတစေရန်၊ သစ်တောသစ်ပင်ချစ်မြတ်နိုးစေရန် ရည်ရွယ်ပြီး ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာပြည်သူများနှင့် သစ်ပင်စိုက်ပျိုးပွဲစိုက်ပျိုးရန် အခမဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျွန်းလှမြို့နယ် မြို့မပျိုးဥယျာဉ်တွင် လူထုဖြန့်ပျိုးပင်အဖြစ် ကျွန်း၊ တမာ၊ ပျဉ်းကတိုး၊ ခရေ၊ စွယ်တော်၊ ယူကလစ်၊ မဲဇလီ ပျိုးပင်ပေါင်း ၂၀၀၀၀ ပျိုးထောင်ပြီး အထူးပျိုးပင်အဖြစ် ခရေပင်၊ မဟော်ဂနီပင်၊ ဗာဒံပင်၊ပိတောက်ပျိုးပင် ၄၀၀၀ ပျိုးထောင်ထားရှိကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၀)



## မိုင်းပန်မြို့နယ်တွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ



**မိုင်းပန် ဇွန် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်တွင် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဝိုးလိုင်းကျေးရွာအုပ်စု၊ (၃)မိုင်ကျေးရွာ၌ ယမန်နေ့ နံနက် ၉ နာရီက ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်စွာဝင်းနှင့် ခရိုင်သစ်တော ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်တို့က ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေမိုးနှင့် ဒေသခံပြည်သူများထံ ပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကျွန်းပင် ၆၀၀ ၊ မဟော်ဂနီပင် ၂၀၀၊ စိန်ပန်းနီပင်၂၀၀၊ မဲဇလီပင် ၂၀၀၊ စုစုပေါင်း ပင် ၁၂၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*-*

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိ

**ကျောက်ပန်းတောင်း ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူများ ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေးအတွက် ကိုဗစ်ထပ်ဆောင်းကာကွယ်ဆေး PFIZER VACCINE ထိုးနှံပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက စတင်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်ထူးမြတ် ဦးဆောင်၍ ကျန်းမာရေးဝန်ထမ်းများက မြို့နယ်ပြည်သူ့ဆေးရုံတွင် ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ထိုးနှံပေးရာတွင် အသက်(၁၈)နှစ်ပြည့်ပြီး ကိုဗစ်ကာကွယ်ဆေး တစ်ကြိမ်မျှထိုးနှံခဲ့ခြင်းမရှိသူများနှင့် ယခင်ကာကွယ်ဆေးထိုးနှံခြင်း ခြောက်လပြည့်ပြီးသူများအား PFIZER VACCINE ကာကွယ်ဆေး ထိုးနှံပေးခြင်းဖြစ်ရာ မြို့ပေါ်ရပ်ကွက် (၁၂)ရပ်ကွက်နှင့် အနီးဝန်းကျင်ကျေးရွာများမှ ပြည်သူများ လာရောက်ထိုးနှံကြကြောင်း သိရသည်။

(အောက်ပုံ)

(၄၅၆)

*-*-*-*-*-*-*



## တောင်သူများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ



**မိုင်းပန် ဇွန် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်တွင် ရာဂီမုန်တိုင်းကြောင့် သီးနှံပျက်စီးခဲ့သော တောင်သူများအား ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နမ့်ပန်ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အဆိုပါ ပေးအပ်ပွဲတွင် လယ်ယာမြေဥပဒေ၊နည်းဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲသို့ မိုင်းပန်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဇော်မြင့်နှင့်အတူ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များ၊ တောင်သူလယ်သမားများ တက်ရောက်ခဲ့ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးတင်ကိုလတ်က တောင်သူလယ်သမားများ သိသင့်၊သိထိုက်သော လယ်ယာမြေဥပဒေ၊ နည်းဥပဒေဆိုင်ရာကိစ္စများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)




## အောင်လံမြို့၌ သက်ငယ်မုဒိမ်းပပျောက်ရေး အသိပညာပေး Talk Show ကျင်းပ

**အောင်လံ ဇွန် ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သော သက်ငယ်မုဒိမ်းပပျောက်ရေး အသိပညာပေး Talk Show ကို ယမန်နေ့ နံနက် ၁၀ နာရီက အောင်လံမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

အသိပညာပေးဆွေးနွေးရာတွင် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တိုးတိုးသန်းက သက်ငယ်မုဒိမ်း ဖြစ်ပွားနိုင်သည့်အချိန်၊ ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ သက်ငယ်မုဒိမ်းဖြစ်ပွားမှု မရှိစေရေးအတွက် သတိပြုရန်အချက်များ၊ သက်ငယ်မုဒိမ်း ဖြစ်ပွားသည်ကို သိရှိပါက တိုင်ကြားနိုင်သည့် နေရာများ၊ ဆက်သွယ်ရမည့် လိပ်စာများကို ဆွေးနွေးခဲ့သည်။

အဆိုပါ အသိပညာပေး Talk Show ကို လူမှုဝန်ထမ်းဦးစီးအရာရှိနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသိန်းတို့က ဆွေးနွေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

အာကာ(ပြန်/ဆက်)

**ရေနုတ်မြောင်းအတွင်း စည်းကမ်းမဲ့ အမှိုက် မစွန့်ပစ်ခြင်းဖြင့် သင်၏ ဂုဏ်ကို မြှင့်တင်ပါ။**

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများ ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဇွန် ၉**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အရှိန်အဟုန်မြှင့်တင်လှုပ်ရှားဆောင်ရွက်မှုအနေဖြင့် ဒေသခံပြည်သူများအား သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများအကြောင်း သိရှိနိုင်စေရန် ရည်ရွယ်၍ မြို့ပေါ်ရပ်ကွက်များသို့ သွေးလွန်တုပ်ကွေးရောဂါအကြောင်း အသိပညာပေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက် ၁၁ နာရီခွဲက ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့ပေါ်ရပ်ကွက်များမှ နေအိမ်များရှိ အုတ်ရေကန်၊ ရေပေပါ၊ ကျောက်စည်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ စစ်ဆေးခြင်းနှင့် ပညာပေးခြင်း၊ ခြင်နှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်ရန်တို့ကို အသိပညာပေးခဲ့ကြပြီး အဆိုပါ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ အောင်နိုင်စိုးနှင့် ကျန်းမာရေးဆရာ၊ ဆရာမများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

နောင်နောင်(ဗိသနိုးမြေ)





## အစိုးရပါဠိပထမပြန်စာမေးပွဲ ကောဒသမ အကြိမ်မြောက် စူဋ္ဌဘွဲ့နှင်းသဘင် အခမ်းအနား ကျင်းပ


**မင်းဘူး ဇွန် ၉**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ ၂၀၂၄ ခုနှစ်၊အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသော စာအောင်သံဃာများနှင့် သီလရှင်ဆရာလေးများအား အောင်လက်မှတ်နှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ဆက်ကပ်လှူဒါန်းသည့် ဧကာဒသမအကြိမ်မြောက် စူဋ္ဌဘွဲ့နှင်းသဘင် အခမ်းအနားကို ဇွန် ၈ ရက် မွန်းလွဲ ၃ နာရီခွဲက မင်းဘူးမြို့ သာသနာ့ဗိမာန်တော်ကြီးအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မင်းဘူးမြို့ ဩဝါဒါစရိယရွှေတွင်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ သာသနနှင့် မင်းဘူးမြို့ မဟာဝိသုတာရာမ တိုက်သစ် ပဓာနနာယက နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော် ဘဒ္ဒန္တဉာဏိက အမှူးပြုသော ဆရာတော်များထံမှ တက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကာ မေတ္တသုတ်ပရိတ်တရားတော်နှင့် အနုမောဒနာတရား ဒေသနာတော်များကို နာယူကြည်ညိုကြပြီး ပင့်ဖိတ်ထားသော ဆရာတော်ကြီးများနှင့် စာဖြေဌာနကြီးကြပ်ရေးအဖွဲ့ ဆရာတော်ကြီးများအား မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးလွင်နှင့် တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မင်းဘူး(စကု) မြို့နယ်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၄ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲ၌ မင်းဘူးစာဖြေဌာနနှင့် စကုစာဖြေဌာနတို့တွင် ဖြေဆို အောင်မြင်တော်မူကြသော ပထမငယ်တန်းမှ ရဟန်း တစ်ပါး၊ အခြေပြုမူလတန်းမှ ရဟန်း၊ သာမဏေ ၁၅ ပါးနှင့် သီလရှင် ဆရာလေး ငါးပါး၊ စုစုပေါင်း ၂၁ ပါးအား မင်းဘူးခရိုင်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များက စာအောင်လက်မှတ်နှင့်အတူ ဂုဏ်ပြုဆုများဖြင့် ချီးကျူးဂုဏ်ပြုပူဇော်ဆက်ကပ် လှူဒါန်းခဲ့ပြီးနောက် လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှအတန်း ပေးဝေခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၅၀၀)



## ဟိုပုံးမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ကျင်းပ

**ဟိုပုံး ဇွန် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် အစိုးရပါဠိပထမပြန် စာမေးပွဲကို ဇွန် ၆ ရက် မွန်းတည့် ၁၂ နာရီက သီရိမင်္ဂလာ သာသနာ့ဗိမာန်၌ ကျင်းပသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲကို ဟိုပုံးမြို့နယ်မှ ပထမကြီးတန်း စာရင်းရှိ ၁၃ ပါး၊ ဖြေဆို ရှစ်ပါး၊ ပထမလတ်တန်း စာရင်းရှိ ၄၉ ပါး၊ ဖြေဆို ၄၃ ပါး၊ ပထမငယ်တန်း စာရင်းရှိ ၉၃ ပါး၊ ဖြေဆို ၇၈ ပါး၊အခြေပြုမူလတန်း စာရင်းရှိ ၂၁၄ပါး၊ ဖြေဆို ၁၇၈ ပါး၊ စုစုပေါင်းစာရင်းရှိ ၃၆၉ပါး၊ ဖြေဆို ၃၀၇ ပါး ဝင်ရောက်ဖြေဆိုကြသည်။

ပါဠိပထမပြန်စာမေးပွဲတွင် စာမေးပွဲကြီးကြပ်ရေးဆရာတော်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ စာမေးပွဲကာလအတွင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် မြို့နယ်အတွင်းရှိ စေတနာရှင်၊ အလှူရှင်များက လှူဖွယ်ပစ္စည်းနှင့် ဆွမ်းများဆက်ကပ်လှူဒါန်း ပေးလျက်ရှိသည်။ အဆိုပါ ပါဠိပထမပြန်စာမေးပွဲကို ဇွန် ၄ ရက်မှ ၁၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၆၈)



## ၂၀၂၄ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ၊ စာအောင်ဆုနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်း

**ကန့်ဘလူ ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်တွင် ၂၀၂၄ ခုနှစ် အစိုးရပါဠိ ပထမပြန်စာမေးပွဲ စာအောင် ရဟန်း၊ သာမဏေနှင့် သီလရှင်များအား စာအောင်ဆုနှင့် အောင်လက်မှတ် ဆက်ကပ်လှူဒါန်းပွဲကို ဇွန် ၈ ရက် နံနက် ၈ နာရီက ကန့်ဘလူမြို့၊ မဟာရွှေစည်ကြီး စေတော်သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ နတ်ပေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဣန္ဒောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် တာဝန်ရှိသူများက ဆရာတော်များထံ လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် မြို့ဦးရွာမ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တတေဇိန္ဒသာရက ဩဝါဒစကားမိန့်ကြားပြီး စာအောင် သံဃာ ၃၄ ပါးအား စာအောင်လက်မှတ်နှင့် စာအောင်ဆုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှအတန်းပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၀)

*-*-*-*-*

## ခရိုင်အဆင့် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော် ကျင်းပ

**ပြင်ဦးလွင် ဇွန် ၉**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၅ခုနှစ် ဇွန်လ ၅ ရက်တွင် ကျရောက်ခဲ့သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အား ဂုဏ်ပြုသော အထိမ်းအမှတ်အဖြစ် ခရိုင်အဆင့် မိုးရာသီ လူထုစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၆ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့၊ မေမြို့ထင်းကြိုးဝိုင်း၊ အကွက်အမှတ်(၄၀)၊ မြို့ရှောင်ကားလမ်း၊ မိုင်တိုင်အမှတ်(၄/၀)အနီး၊ ညောင်နီ-ပိန္နဲကုန်းသွားကားလမ်းဘေးတွင် ကျင်းပသည်။

ရှေးဦးစွာ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထူးက ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့အားလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူးက လူမှုရေးအသင်းအဖွဲ့များအားလည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်းက ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအားလည်းကောင်း၊ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူ(၂)က ရွာသူ၊ ရွာသားများအားလည်းကောင်း စိုက်ပျိုးသစ်ပင်များကို အသီးသီး ပေးအပ်ကြသည်။



အဆိုပါသစ်ပင်စိုက်ပျိုးပွဲတော်တွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်မိခင်နှင့်ကလေးစောက်ရှောက်ရေးအသင်းဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရွာသူ၊ ရွာသားများ စုစုပေါင်းအင်အား ၃၇၇ ဦးက ချယ်ရီပင် ၇၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

ခရိုင်(ပြန်/ဆက်)

## ကူးတို့လုပ်ငန်းလုပ်ကိုင်ကြသူများအား မိုးတွင်းကာလတွင်အန္တရာယ်ကင်းစွာ ဆောင်ရွက်နိုင်ရေး ကွင်းဆင်းအသိပညာပေး

**ပွင့်ဖြူ ဇွန် ၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် လေလံစနစ်ဖြင့် လုပ်ငန်းလိုင်စင်ခွင့်ပြုချထားပေးထားသည့် ကူးတို့လုပ်ငန်းလုပ်ကိုင်ကြသူများအား ကူးတို့လိုင်စင်စည်းကမ်းချက်များနှင့်အညီ စနစ်တကျ လုပ်ကိုင်နိုင်ရန်နှင့် မိုးတွင်းကာလတွင် အန္တရာယ်ကင်းစွာ ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်း အသိပညာပေးခြင်းကို ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများမှ ဖလံတောကျေးရွာ၊ မုန်းချောင်းဆိပ်သို့ သွားရောက်၍ ကူးတို့လုပ်ငန်းလုပ်ကိုင်ကြသူများကို ကွင်းဆင်းအသိပညာပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းအသိပညာပေးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် ဝန်ထမ်းများက ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင် လေလံစနစ်ဖြင့်လုပ်ငန်း လိုင်စင်ခွင့်ပြုပေးထားသည့် ပွင့်ဖြူမြို့နယ်၊ ဖလံတောကျေးရွာ မုန်းချောင်းဆိပ်ရှိ ကူးတို့လုပ်ငန်းခွင်သို့ သွားရောက်၍ လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ကူးတို့လုပ်ငန်းလုပ်ကိုင်ရာတွင် မိုးတွင်းကာလ၌ ဖြစ်ပွားလေ့ရှိသော ရေကြီးရေလျှံမှုအန္တရာယ်၊ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ထိခိုက်မှု မဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရန်၊ ဒေသခံပြည်သူများကို ကူးတို့ရေယာဉ်ဖြင့် ပို့ဆောင်ရာ၌ အန္တရာယ်ကင်းဝေးစေရန် အသက်ကယ်ဝတ်စုံ (Life Jacket) များကို စနစ်တကျဝတ်ဆင်ပြီးမှသာ ပို့ဆောင်ပေးကြရန်နှင့် ကူးတို့လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်သွားရန်တို့ကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ (၄၄၅)

# အသိပညာပေးဟောပြောပွဲ ကျင်းပ

**ရွှေဘို ဇွန် ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့ အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ အသိပညာပေး ဟောပြောပွဲကို ဇွန် ၅ ရက် နံနက်ပိုင်းက ကျင်းပသည်။

ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး ရွှေဘိုခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမြင့်စန်းက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ထိခိုက်ဆုံးရှုံးမှုများ၊ မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် သိရှိလိုက်နာသင့်သည့် အချက်များကို ဟောပြောခဲ့သည်။

ဆက်လက်၍ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သူဇာလင်းက ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သည့် "ကမ္ဘာတစ်ဝန်း ပလတ်စတစ်ညစ်ညမ်းမှုအဆုံးသတ်ရေး၊ စုပေါင်းအားဖြင့် ဆောင်ရွက်ပေး" နှင့်အညီ သဘာဝပတ်ဝန်းကျင်အပေါ် ပလတ်စတစ်နှင့် ဖွဲ့ပစ်ပစ္စည်းတို့၏ ခြိမ်းခြောက်နေမှုများ၊ ပလတ်စတစ်ကြောင့် ဖြစ်ပေါ်နေသည့် မြေထု၊ ရေထု၊ လေထုညစ်ညမ်းမှုများ၊ လူသားတို့ အပါအဝင် သက်ရှိအားလုံးတို့အတွက် ပလတ်စတစ်ကြောင့် ခံစားနေကြရသည့် ကျန်းမာရေးဆိုးကျိုးများ စသည့် သက်ရှိတို့အပေါ် ဖြစ်ပေါ်နေသည့် ခြိမ်းခြောက်မှုများအား တားဆီးကာကွယ်နိုင်ရန် အားလုံးပူးပေါင်းဆောင်ရွက်ကြရေးတို့ကို ဟောပြောခဲ့ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ရုပ်သံဗီဒီယိုများကို ပြသပေးပြီး မေးခွန်းများ မေးမြန်းရာ ဖြေဆိုနိုင်သူများအား အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးအပ်ကာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့(အကြို) နံရံကပ်စာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကိုပြသရာ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ
စုံလင်
ပန်ဒဝေး

## မဟာသမယအခါတော်နေ့

* နယုန်လပြည့် ဟူသည်မှာ
မဟာသမယ နေ့မြတ်ပါ ။
ငြိမ်းချမ်းသာယာ ရှိစေသား
ဗုဒ္ဓ ဟောညွှန်ကြား ။

* သက်တော်ထင်ရှား မြတ်ဘဂဝါ
ကပိလဝတ်နှင့် ကောလိယ နှစ်ဖြာ ။
ရေပြဿနာအကြောင်းပြုရင်း
စစ်ကြေညာလို့ ရန်တွေခင်း ။

* နတ်မင်း၊ ဗြဟ္မာ၊ အသူရာ
ဂဠုန်၊ နဂါး စုံညီစွာ ။
မင်းသား ငါးရာ ဉာဏ်ရောင်လင်း
အာသဝေါကုန်ခန်းခြင်း ။

* ဖန်ဆင်းနိမ္မိတ မေးလျှောက်ကာ
ပကတိဖြေကြားရာ ။
မဟာသမယ ညီညွတ်ခြင်း
ဟောကြားမိန့်တော်လင်း ။

* ဘေးရန်ခပင်း ကင်းငြိမ်းပါ
အများဝေနေယျာ ။
ချမ်းသာစေကြောင်း မေတ္တာလောင်း
နေ့မြတ်အခါကောင်း ။ ။

ရွှေမင်းသား(စစ်ကိုင်း)



## ဝင်ငွေတိုးစီမံကိန်း
## အခြေခံစက်ချုပ်နည်းပညာသင်တန်း ဖွင့်လှစ်သင်ကြား

**ညောင်ဦး ဇွန် ၉**

ညောင်ဦးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ညောင်ဦးမြို့နယ်၊ အရှေ့ဖွားစောကျေးရွာတွင် ဝင်ငွေတိုးစီမံကိန်း အခြေခံစက်ချုပ်နည်းပညာသင်ကြားပေးလျက်ရှိသည်။ အဆိုပါ သင်တန်းကို ဇွန် ၂ ရက်မှ ဇူလိုင် ၁ ရက်အထိလည်းကောင်း၊ မွမ်းမံစက်ချုပ်နည်းပညာသင်တန်းကို ဇူလိုင် ၉ ရက်မှ ၁၈ ရက်အထိ ရက် ၄၀ ကြာ ဒေသခံပြည်သူများအား စက်ချုပ်နည်းပညာများ သင်ကြားပေးလျက်ရှိသည်။ **(အပေါ်ပုံ)**

သင်တန်းတွင် အခြေခံစက်နင်းနည်း၊ ကိုယ်တိုင်းနည်း၊ Pattern ဆွဲနည်း၊ အမျိုးသမီးအင်္ကျီ လက်ပြတ်ချုပ်နည်း၊ ရင်ဖုံး၊ ရင်စေ့၊ ရင်ဖုံးပုံဆန်း၊ ရင်ဖြတ်ဆက်၊ အခြေခံစကတ်၊ သုံးလွှာစကတ်၊ လေးလွှာစကတ်၊ ချိတ်စကတ်၊ ကလေးဂါဝန်၊ သဘော်သားအင်္ကျီ၊ ကလေးဘောင်းဘီချုပ်နည်းများကို သင်ကြားပေးလျက်ရှိသည်။

သင်တန်းသူများအနက်မှ လုပ်ငန်းထူထောင်လိုသူ ငါးဦးကို လုပ်ငန်းထူထောင်ရာတွင် လိုအပ်သော ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံး စက်ပစ္စည်းများ သုံးစွဲခွင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(ဝ၄၅)**

## ပန်းခင်းစီမံချက်ဖြင့်
## ကျေးရွာများအရောက် ကွင်းဆင်းဆောင်ရွက်ပေး

**လဲချား ဇွန် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လဲချားမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် (၆၆/၆) မရှိနှင့် (နိုင်) မရှိသူများအား ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ဇွန် ၇ ရက် နံနက် ၉ နာရီက နောင်မိန်း၊ ဟိုနောင်အွမ်၊ ဖွေးဟိုင်း၊ ဟိုဖိုင် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်၏ ကြီးကြပ်မှုဖြင့် မြေပြင်ကွင်းဆင်းကောက်ယူရေးကော်မတီမှ အလွတ်ကောက်ဖြင့် ကောက်ယူလာသော (၆၆/၆)၊ အခြားမြို့နယ် (၆၆/၆) မရှိနှင့် နိုင် မရှိသူများအား စုစည်း၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ ဝန်ထမ်းများက ပန်းခင်းစီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မြို့နယ်(ပြန်/ဆက်)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ




## ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာဖတ်သူများ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ သွားရောက်ငှားရမ်းပေး

**နတ်မောက် ဇွန် ၉**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် စာဖတ်သူများ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ သွားရောက်ငှားရမ်းပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကန်ကြီးရပ်ကွက်များသို့ သွားရောက်ငှားရမ်းပေးခဲ့သည်။

"စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းဖြင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ပိုမိုကောင်းမွန်လာစေရန်၊ စာဖတ်ရှိန် ပိုမိုမြင့်မားလာစေရန်၊ စာအုပ်၊ စာစောင်များနှင့် ရင်းနှီးကျွမ်းဝင်လာသည့်အပြင် စာပေများမှ အသိပညာဗဟုသုတများ တိုးပွားလာစေရန်နှင့် အလုပ်တာဝန်များ မအားလပ်၍ စာကြည့်တိုက်သို့ မလာရောက်နိုင်သူများအတွက် သွားရောက်ငှားရမ်းပေးခြင်း ဖြစ်သည်"ဟု မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးက ပြောသည်။

နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ရွှေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် အခြေခံပညာရေးကျောင်းများ၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်များသို့ နှစ်ပတ်လျှင် တစ်ကြိမ် စာအုပ်၊ စာစောင်များ လဲလှယ်၍ အခမဲ့ ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(မူမူစန်း)**





## အစိုးရပါဠိပထမပြန်စာမေးပွဲကြီး ဆက်လက်ကျင်းပဖြေဆိုလျက်ရှိ

**ပင်းတယ ဇွန် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ မြို့နယ်ဓမ္မာရုံကြီး၌ ၁၃၈၇(၂၀၂၅)ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲကြီးကို ဇွန် ၆ ရက်တွင် မွန်းတည့် ၁၂နာရီမှ ၃ နာရီအထိ ဆက်လက်ကျင်းပခဲ့ရာ အတန်းအလိုက် သံဃာတော်များ ဆက်လက်ဖြေဆိုလျက်ရှိကြသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲကြီးသို့ ဓနုဒေသ ပင်းတယမြို့နယ် ဘုန်းတော်ကြီးကျောင်းစာသင်တိုက်များမှ လာရောက်ဖြေဆိုရန် စာရင်းရှိ ပထမကြီးတန်းသံဃာတော် ၁၂ ပါး၊ ပထမလတ်တန်းသံဃာတော် ၁၆ ပါး၊ ပထမငယ်တန်းသံဃာတော် ၈၄ ပါး၊ အခြေပြုမူလ ၁၃၃ ပါး စုစုပေါင်း ၂၄၅ ပါးရှိပြီး ယနေ့စာမေးပွဲကြီးသို့ လာရောက်ဖြေဆိုတော်မူကြသည့် သံဃာတော် ၁၈၃ ပါး၊ ပျက်ကွက် ၆၂ပါး ရှိသည်။

စာမေးပွဲကြီးစာဖြေပွဲမတိုင်မီ ပွဲတော်ဦးစီးကျင်းပပေးတော်မူသော မြို့နယ်သံဃနာယက ဥက္ကဋ္ဌဘဒ္ဒန္တစန္ဒောဘာသနှင့် အကျိုးတော်ဆောင်ဆရာတော် သံဃာတော်များ၊ ပါဠိပထမပြန် စာမေးပွဲဝင်ရောက်ဖြေဆိုကြသည့် ရဟန်းရှင်သာမဏေများအား ဝါတွင်းကာလအဖိတ်နေ့ သံဃာ့ဒါနဆွမ်းလောင်းအသင်း အဖွဲ့နေ့ဆွမ်းတော်အလှူရှင်များက နေ့ဆွမ်းခဲဖွယ်ဘောဇဉ်ချိုချဉ်များ လာရောက်ဆက်ကပ်ကုသိုလ်ပြုလှူဒါန်းပေးကြကြောင်း သိရပြီး ယခုကျင်းပလျက်ရှိသော ပါဠိပထမပြန်စာမေးပွဲကြီးကို ဇွန် ၁၀ ရက်အထိ ကျင်းပပေးသွားမည်ဖြစ်ကြောင်းနှင့် ဇွန် ၁၅ ရက်တွင် ၁၃၈၆ ခု အစိုးရပါဠိ ပထမပြန် စာမေးပွဲကြီး၏ စူဠဘွဲ့နှင်းသဘင် အခမ်းအနားကြီးအား စည်ကားသိုက်မြိုက်စွာ ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၃၈)**

၀-၀-၀-၀-၀-၀-၀

## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ရာသက်ပန်ဆွမ်း ပဒေသာပင်အတွက် အလှူငွေ လှူဒါန်း

**မန္တလေး ဇွန် ၉**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ဇွန် ၈ ရက် နံနက် ၁၁ နာရီက ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေ လှူဒါန်းပွဲကျင်းပသည်။





ရွှေဦးစွာ ကျောင်းအုပ်ဆရာတော် အဘိဓမ္မမဟာရဋ္ဌဂုရု ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ၊ B.A)၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရားဟောကြားချီးမြှင့်ပြီး အလှူရှင် မန္တလေး၊ ဘူးကုန်းရပ်၊ ကြံတိုင်းအောင်လမ်း၊ ဒေါနဘွားရပ်ကွက်နေ ကွယ်လွန်သူ ဒေါ်မော်မော်ဝင်းအား ရည်စူး၍ ကိုအာကာ+မသီတာဇာဇာလှ၊ ကိုစည်သူဟိန်း + မမေသူကိုနှင့် ကျန်ရစ်သူ မိသားစုတို့က ရာသက်ပန်ဆွမ်းပဒေသာအတွက် အလှူငွေကျပ် ၁၁ သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ရုံးအဖွဲ့မှူး ဦးမောင်မောင်က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၀၅၂)**

## အရန်မီးသတ်တပ်ဖွဲ့ အကြိမ်(၂၀၀)မြောက် အရဏ်ဆွမ်းဟင်းလျာများ ဆက်ကပ်လောင်းလှူ

**မန္တလေး ဇွန် ၉**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အရန်မီးသတ်တပ်ဖွဲ့ရုံးတွင် ဇွန် ၃ ရက် နံနက် ၅ နာရီခွဲက အကြိမ်(၂၀၀)မြောက် သံဃာတော်အပါး ၁၃၀ ကျော်အား အရဏ်ဆွမ်း ဆွမ်းဟင်းလျာများ လောင်းလှူခဲ့ကြသည်။

အရဏ်ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ဆွမ်းလောင်းလှူရာတွင် မြို့နယ်မီးအရန်မီးသတ်တပ်ဖွဲ့ တပ်ခွဲ(၃)တပ်ခွဲမှူး မောင်မောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့၊ တပ်စုမှူးတင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်တော်မူလာကြသော သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် သံဃာတော်အပါး ၁၃၀ ကျော်အား ဆွမ်း၊ ဝက်သားချက်၊ ကုလားပဲချက်၊ ငါးလေးခြောက်၊ ငရုတ်သီးကြော်၊ သရက်ချဉ်သုပ်၊ အကြော် စသည့် ဆွမ်းဟင်းလျာများ ကုသိုလ်ပြုလောင်းလှူခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၇၀)**

၀-၀-၀-၀-၀-၀



## မြို့ဦးမင်္ဂလာကျောင်းတိုက်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ရွာင် ဇွန် ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာင်မြို့နယ်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဇွန် ၇ ရက်၊ နံနက် ၈နာရီက မြို့ဦးမင်္ဂလာကျောင်းတိုက်အတွင်း၊ အပြင်တို့၌ ဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ကြီးကြပ်မှုဖြင့် ရွာင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆိုင်က ဦးဆောင်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ရွာင်မြို့ဈေးတန်းရပ်ကွက်ရှိ မြို့ဦးမင်္ဂလာကျောင်းကြီးအတွင်း၊ အပြင်နှင့် အဆိုပါ ဝင်းအတွင်းရှိ ချုံနွယ်ပိတ်ပေါင်းများ၊ ရေမြောင်းများ၊ အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး အမှိုက်များကို စည်ပင်သာယာအမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျသိမ်းဆည်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**(၃၃၈)**

၀-၀-၀-၀-၀-၀



## လျှော်ဒဏ်သင့် မန္တလေးတိုင်းဒေသကောလိပ် All regional ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ထောက်ပံ့ရန် ငွေလှူဒါန်း

**မန္တလေး ဇွန် ၉**

လျှော်ဒဏ်သင့်မန္တလေးတိုင်းဒေသကောလိပ်(မန္တလေး) All regional ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ထောက်ပံ့မှုပြုလုပ်နိုင်ရန်အတွက် Myanmar Fiber Optic Communication Network Co.,Ltd ·မှ လှူဒါန်းသော အလှူငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၈ ရက် မွန်းလွဲပိုင်းက မဟာအောင်မြေမြို့နယ်၊ ၆၄လမ်းရှိ KMC ကိုယ်ပိုင်အထက်တန်းကျောင်း၊ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကောလိပ်(မန္တလေး) 3rd batch ရေထွက်ကျောင်းသားဟောင်း၊ ပြည်ထောင်စုဝန်ကြီး(ငြိမ်း) ဦးအောင်နိုင်ဦးက Myanmar Fiber Optic Communication Network Co.,Ltd ·မှ လှူဒါန်းမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းရာ မန္တလေးဒေသကောလိပ်ကျောင်းသားဟောင်းများဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးခိုင်ထွန်းနှင့် အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

မန္တလေးဒေသကောလိပ် ကျောင်းသားဟောင်းများ ဖောင်ဒေးရှင်းအနေဖြင့် လျှော်ဒဏ်သင့် ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအား ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

**(၀၄၅)**



# ကျန်းမာရေးအတွက် ဆေးနည်းများ

**အောင်မျိုးမြတ်(မန္တလေး)**

**Tik Tok** မှာ တွေ့တဲ့ ဆေးနည်းလေးတွေကို ထပ်မံဖော်ပြလိုက်ပါတယ်။ ရောဂါဝေဒနာခံစားနေရတဲ့သူတွေ ဒီဆောင်းပါးလေးကို ဖတ်ပြီး အနာနဲ့ဆေးတွေ့ကာ ရောဂါတွေ ပျောက်ကင်းကြပါစေလို့ ဆန္ဒပြုရေးသားလိုက်ပါတယ်။

**မီးကွင်းဂမုန်း၊ ကြက်သွန်နီ၊ သကြား**

မီးကွင်းဂမုန်း အရွက်ရည် ထမင်းစားဇွန်း တစ်ဇွန်း၊ ကြက်သွန်နီ သတ္တုရည် ထမင်းစားဇွန်း တစ်ဇွန်းတို့ကို အရည်ညှစ်ယူပြီး ပန်းကန်လုံးထဲထည့်ပါ။ ပြီးလျှင် သကြား(အညို)မရလျှင် (အဖြူ)ထမင်းစားဇွန်း တစ်ဇွန်း ထည့်ပါ။ ထို့နောက် သမအောင်မွှေပြီး သောက်ပါ။ လိပ်ခေါင်းရောဂါ ပျောက်ပါသတဲ့။ ရောဂါပြင်းထန်လျှင် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် သောက်ပေးပါ။

**သပွတ်သီး၊ ငရုံ့ပတူပင်**

သပွတ်သီးရင့်ရင့် သုံးလုံးကို အရည်ညှစ်ယူထားပါ။ ငရုံ့ပတူပင် တစ်ပင်လုံး(အရိုး၊ အရွက်၊ အမြစ်အားလုံးပါရမည်။) ကို နေခြောက်လှန်းပါ။ ခြောက်သွားလျှင် မီးရှို့၍ ပြာချပါ။ ရလာသောပြာကို သပွတ်သီးအရည်နှင့် ဖျော်လိုက်ပါ။ ဆေးရပါပြီ။ ထိုဆေးကို လိပ်ခေါင်းပေါ်လိမ်းပေးပါ။ မန်းရည်များ ထွက်လာပါလိမ့်မည်။ ပူစပ်စပ်ဖြစ်တတ်သော်လည်း ကြောက်စရာမလိုပါ။ နှစ်ပတ်အတွင်း လိပ်ခေါင်းမှာ ရှုံ့၍ အမြစ်ပါပြုတ်သွားပါသတဲ့။

**ရှောင်ကြဉ်ရန်**

၁။ ဝမ်းသွားချင်တယ်ဆိုရင် အောင့်မထားပါနဲ့။ ချက်ချင်းထသွားပါ။ အောင့်ထားလိုက်ရင် အားရပါးရမသွားရတော့ ဝမ်းကျန်တတ်ပါတယ်။ အဲ့ဒီလိုနဲ့ ဝမ်းအကျန်တွေဟာ တဖြည်းဖြည်းချင်းစုသွားပြီး လိပ်ခေါင်းရောဂါဖြစ်တာပါ။

၂။ ဝမ်းသွားချိန်မှာ တအားညှစ်တဲ့အခါ စအိုကွဲတာ၊ စအိုကျွံတာတွေ ဖြစ်တတ်ပါတယ်။ ဒါကြောင့် တအားမညှစ်သင့်ပါ။

၃။ အိမ်သာထဲမှာ အကြာကြီး မထိုင်ပါနဲ့။ အချိန်ကြာကြာထိုင်ရင် လိပ်ခေါင်းဖြစ်တတ်ပါတယ်။

၄။ အလေးအပင် မတာတွေ ရှောင်ရပါမယ်။

၅။ အပူ၊ အစပ်တွေ (လုံးဝ)မစားရပါဘူး။ ရောဂါဖြစ်နေတုန်းမှာ ရှောင်ကြဉ်ပြီး ပျောက်သွားမှသာ တဖြည်းဖြည်းချင်း ပြန်စားသင့်ပါတယ်။

၆။ အသားပိုရှိနေတာ၊ လိပ်ခေါင်းရှိနေတာကို လက်နဲ့သွားသွားပြီး မကိုင်ပါနဲ့။ လက်နဲ့ကိုင်ရင် ပိုးဝင်ပြီး အနာပိုဆိုးလာနိုင်ပါတယ်။

၇။ ရေဝဝသောက်ပါ၊ အမျှင်ဓာတ်ပါတာတွေ များများစားပါ၊ အိပ်ရေးဝဝအိပ်ပါ။ ဒါဆိုရင် ရောဂါသက်သာလာမှာပါ။

**ကင်းမှန်သီး**

ကင်းမှန်သီးကို အလယ်မှခွဲပြီး ကျောက်ချဉ်အနည်းငယ်ထည့်၍ မီးဖိုပေါ်တင်ပြီး မီးကင်ပါ။ ရလာတဲ့ အသီးတွေထဲက အရည်တွေကို ညှစ်ပြီး သောက်ရမှာပါ။ တစ်ခါသောက်ရင် သုံးလုံးသောက်ရမှာပါ။ အလုံးသေးရင် လေးလုံးသောက်နိုင်ပါတယ်။ တစ်နေ့ကို သုံးကြိမ်သောက်ပေးရင် ကျောက်ကပ်ရောဂါပျောက်ကင်းပါသတဲ့။

**ဒန့်သလွန်သီးအစေ့အခြောက်**

ဒန့်သလွန်သီးအစေ့ခြောက် လက်တစ်ဆုပ်စာကို ရေတစ်လီတာနဲ့ ၁၀ မိနစ်ခန့်ပြုတ်ပါ။ ထိုပြုတ်ရည်ကို အစာစားပြီးပြီးချင်း တစ်ကြိမ်၊ ညအိပ်ရာမဝင်မီ တစ်ကြိမ် ဖန်ခွက်တစ်ခွက်စာသောက်ပါ။ ထိုသို့သောက်လျှင် နာတာရှည်ခါးနာခြင်း၊ ခါးကိုက်ခြင်း၊ အရိုးကျိုးပေါင်းတက်ခြင်း၊ အာရုံကြောညှပ်ခြင်း၊ အဆစ်အမြစ်နာခြင်း၊ အရိုးကိုက်ခြင်း၊ ကျောက်ကပ်ရောင်ခြင်း၊ ဂေါက်ရောဂါကြောင့် နာကျင်ခြင်းတွေ ပျောက်ပါတယ်။ ဒါ့အပြင် သွေးတိုးနေလျှင် ဒန့်သလွန်စေ့အခြောက် နှစ်စေ့ကို ညက်ညက်ဝါးစားပြီး ရေအဝသောက်လိုက်ပါက ချက်ချင်းသွေးတိုးကျစေပါသတဲ့။

**နာနတ်သီး**

နာနတ်သီးတစ်လုံးကိုခွဲပြီး အတုံးသေးသေးလေးတွေ တုံးပါ။ ထို့နောက် ရေသုံးလီတာကို ပွက်ပွက်ဆူလာအောင် ကျိုပါ။ ရေဆူလာပါက နာနတ်သီးတုံးလေးများကို ထည့်ပြီး ၁၅ မိနစ်ကြာအောင် ပြုတ်ပါ။ ထို့နောက် ကျောက်ချဉ် ၁၀ ဂရမ် ထည့်ပါ။ ပြီးလျှင် အိုးကိုအဖုံးအုပ်ပြီး နောက်ထပ် မိနစ် ၂၀ လောက်ထားပါ။ အရည်ရော၊ အဖတ်ရော တစ်နေ့တည်းနဲ့ကုန်အောင် သောက်ရပါမယ်။ သုံးရက်ဆက်တိုက်သောက်ပေးရင် သည်းခြေအိတ်ထဲမှာ ကျောက်တည်တာနဲ့ ကျောက်ကပ်မှာ ကျောက်တည်တာတွေ ပျောက်ပါသတဲ့။

**ကြက်ဟင်းခါးသီး**

ကြက်ဟင်းခါးရွက်ကို ကြိတ်ချေပြီး ပျားရည်နဲ့ရော၍ မနက်တိုင်းသောက်ပေးပါက အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများကို ပျောက်ကင်းစေပါတယ်။ ကြက်ဟင်းခါးသီးဖျော်ရည် တစ်ဖန်ခွက်ကို နေ့စဉ်သောက်ပေးပါက အသည်းကို သန့်စင်စေပြီး အရက်နာကျတာကိုလည်း ပျောက်ကင်းစေပါတယ်။ (တစ်ပတ်ကြာ သောက်သုံးမည်ဆိုပါက ပိုမိုထိရောက်ပါတယ်။) ကြက်ဟင်းခါးရွက်(သို့မဟုတ်)အသီးကို ရေနွေးပြုတ်ပြီး နေ့စဉ်သောက်ပါက ကူးစက်ရောဂါတွေကို ကာကွယ်နိုင်ပြီး ကိုယ်ခံအားစနစ်ကောင်းမွန်စေပါတယ်။ ကြက်ဟင်းခါးသီးစားခြင်းဖြင့် ဝက်ခြံ၊ အမာရွတ်များ ပျောက်ကင်းပြီး အရေပြားပြဿနာများကို ဖယ်ရှားပေးနိုင်ပါတယ်။ အိုမင်းရင့်ရော်ခြင်းကိုလည်း အထိုက်အလျောက်တားဆီးပေးနိုင်ပါတယ်။

ကြက်ဟင်းခါးသီး၊ သခွားသီး၊ အစိမ်းရောင်ပန်းသီး၊ ငရုတ်ပွသီးတို့ကို ဖျော်ရည်လုပ်သောက်ရင် ဆီးချို၊ သွေးချိုပျောက်ကင်းပါတယ်။ ကြက်ဟင်းခါးသီးမှာ အမျှင်ဓာတ်များ ကြွယ်ဝစွာ ပါဝင်တာကြောင့် အစာချေဖျက်မှုကို လွယ်ကူစေပါတယ်။ လိပ်ခေါင်းသမားများအတွက် အရည်ကို ဖျော်တိုက်ပါက သက်သာစေပါတယ်။ ကျောက်ကပ်ကျန်းမာရေးနဲ့ ကျောက်ကပ်မှာ ကျောက်တည်ခြင်းတွေမှာလည်း အသုံးပြုကြပါတယ်။ ကြက်ဟင်းခါးသီးဟာ နှလုံးသွေးကြောပိတ်စေတတ်တဲ့ မကောင်းတဲ့ ကိုလက်စထရောတွေကို ဖယ်ရှားပေးနိုင်တာကြောင့် နှလုံးရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးနိုင်ပါတယ်။ ကင်ဆာဆဲလ်တွေ ပြန့်ပွားမှုကိုလည်း ထိန်းချုပ်ပေးနိုင်ပါသတဲ့။

**သတိပြုရန်**

၁။ တစ်နေ့လျှင် ကြက်ဟင်းခါးသီး နှစ်လုံးထက် ပိုမစားသင့်ပါ။

၂။ ကိုယ်ဝန်ဆောင်အမျိုးသမီးများ သတိထားပြီး စားသုံးပါ။

၃။ ကြက်ဟင်းခါးသီးကိုစားလျှင် အကြောတက်တတ်သည်။ သို့သော် အစေ့ညှာတိုင်နှင့် အစေ့ကို ဖယ်ရှားပြီး အသားကိုစားလျှင် အကြောမတက်ပါ။

၄။ ကြက်ဟင်းခါးသီးနှင့် မတည့်သော အစားအစာများမှာ မှိုနှင့် ကြက်သားတို့ဖြစ်သည်။ အကြောတက်ပြီး အော့အန်တတ်သည်။

၅။ ကြက်ဟင်းခါးသီး၏ အခါးဓာတ်ကို လျှော့ချလိုပါက ဆားရည်နှင့်စိမ်ပြီးမှ ချက်စားပါ။

**ကြိတ်မှန်ပင်**

ကြိတ်မှန်ရွက်အရည်ကို ချောင်းဆိုး၊ ခေါင်းကိုက်၊ အသည်းရောင်၊ အဆစ်ရောင်၊ အနာအုံဆေး၊ ဖန်ဆေးအဖြစ် အသုံးပြုနိုင်ပါတယ်။ အရွက်ကို အမှုန့်ထောင်း၍ နေ့စဉ်သောက်ရင် မျက်စိအမြင်ကြည်လင်၏။ ဆွံ့အသူများ စကားပြောနိုင်၏။ နားပင်းသူများ အသံကြားနိုင်၏။ ကြိတ်မှန်ရွက်နှင့် နှမ်းနက်ကို ဆတူယူ၍ အမှုန့်ပြုလုပ်ပြီး နွားနို့နှင့် အမြဲသောက်လျှင် အနာရောဂါကင်းစင်၍ အသက်ရှည်ကာ ဆံပင်တွေလည်း နက်လာပါလိမ့်မယ်။ ကြိတ်မှန်ရွက်ကို ခေါင်းကိုက်ရောဂါ၊ ထိပ်ပြောင်မွေးကျွတ်ရောဂါ၊ အကျိတ်နာ၊ မီးယပ်ထိမ်ခြင်းနဲ့ ကာလသားရောဂါတွေမှာလည်း အသုံးပြုကြပါတယ်။ ကြိတ်မှန်ရွက်ရည်နဲ့ ပင်စိမ်းရွက်ရည်ရော၍ တစ်နေ့လျှင် နှစ်ကြိမ် မီးလောင်ဒဏ်ရာပေါ်တွင် လိမ်းပေးပါက အပူလောင်ခြင်းပျောက်ပြီး အမာရွတ်များလည်းပျောက်ကင်းစေပါတယ်။ ကြိတ်မှန်ရွက်နှင့် ခွေးသေးပန်းရွက်တို့ကို ရှိန်းခိုအနည်းငယ်ထည့်ကြိတ်ပြီး ကလေးများ နှာပိတ်နေလျှင် ငယ်ထိပ်မှ နှာခေါင်းအထိ ဆွဲချလိမ်းပေးပါက ပျောက်ကင်းပါတယ်။ ကလေးများ ကျောပူ၊ ခေါင်းပူ၊ ချွဲထဖြစ်နေပါက ငယ်ထိပ်ပေါ်သို့ ခပ်ပါးပါးလိမ်းပေးပါ။ ကလေးများ သံဝမ်းသွား၊ ဝက်သက်နဲ့ ရေကျောက်ဖြစ်ပါက ကြိတ်မှန်ရွက်ရည်ကို မိခင်နို့ရည်နှင့် ဖျော်ပြီး တိုက်ပေးပါက ပျောက်ကင်းစေပါတယ်။ မီးယပ်သွေးဂုပ်လျှင် အရွက်ကို ထန်းလျက်နဲ့ သုံးခွက်တစ်ခွက်တင် ကျိုသောက်ရင် သွေးပေါ်စေပါသတဲ့။

**နာနတ်ပွင့်**

ရေ ငါးဖန်ခွက်ကို နာနတ်ပွင့် ၁၀ ပွင့် ထည့်ပါ။ ထို့နောက် ၁၀ မိနစ်ကြာအောင် ပြုတ်ပါ။ အေးသွားပြီဆိုရင် သောက်လို့ရပါပြီ။ ထိုနာနတ်ပွင့်ပြုတ်ရည်ကို ဖန်ခွက်တစ်ဝက်ခန့်သောက်ပေးခြင်းဖြင့် တုပ်ကွေးရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ဝက်တုပ်ကွေးနဲ့ ကူးစက်ရောဂါအမျိုးမျိုးကို ပျောက်ကင်းစေပါသတဲ့။ ကလေးငယ်များကိုတိုက်လျှင် သကြားအနည်းငယ်ထည့်၍ တိုက်ပေးနိုင်ပါတယ်။

**ဇောက်ပင်**

ဇောက်ပင်တစ်ပင်လုံးကို ပဉ္စငါးပါး(အမြစ်မှ အညွန့်)အားလုံးကို ရေစင်အောင်ဆေးပြီး အိုးသန့်သန့်မှာ ရေမတ်ခွက် သုံးခွက်ထည့်၍ သုံးခွက်တစ်ခွက်တင်ပြုတ်ပြီး တစ်နေ့ကို သုံးကြိမ်သောက်ပါက အရှာခါးပေမယ့် ဆီးချို၊ သွေးချိုရောဂါပျောက်ပါသတဲ့။

**ချင်း(ဂျင်း)**

ချင်း(ဂျင်း) တစ်ကီလိုဂရမ်ကို ရေကျက်အေး တစ်လီတာနဲ့ ရောပြီး ကြိတ်ပါ။ ပြီးရင် အရည်ကိုပဲ စစ်ယူပြီး တစ်နေ့ကို ထမင်းစားပြီးတိုင်း လက်ဖက်ရည်ဖန်ခွက်တစ်ခွက်သောက်ပါ။ ပျားရည်နှင့်လည်း ရောသောက်နိုင်ပါတယ်။ ရေခဲသေတ္တာထဲမှာ ထားပြီး နှစ်ရက်၊ သုံးရက်လောက် ဆက်သောက်ပါ။ ထိုသို့သောက်ခြင်းဖြင့် ချင်း(ဂျင်း)မှာ အပူဓာတ်ရှိလို့ အလုံး၊ အကျိတ်၊ အသားပိုတွေကို ကျုံ့သွားစေပါတယ်။ နှနယ်သေးရင် မြန်မြန်ပျောက်ကင်းပါသတဲ့။

**သတိပြုရန်**

အစာအိမ်ရောဂါ(သို့မဟုတ်)အက်ဆစ်ပြန်တတ်တဲ့သူတွေ မသောက်သုံးသင့်ပါ။

**မာလကာရွက်**

ဝမ်းလျှောခြင်း၊ ဝမ်းကိုက်ခြင်း၊ ဗိုက်အောင့်ခြင်း၊ မရပ်မနားဝမ်းသွားခြင်း၊ ဝမ်းသွားလျှင် အချွဲများပါခြင်းများ ဖြစ်နေပါက မာလကာရွက် သုံးရွက်ကိုခူးပြီး ရေဆေး၍ ဆားအနည်းငယ်ထည့်ကာ ညက်ညက်ဝါးစားပြီး မျိုချလိုက်ပါ။ ရေအဝသောက်ပါ။ တစ်ရက်ကို သုံးကြိမ်စားပါ။

ခံတွင်းအနံ့ဆိုးတာ၊ သွားဖုံးရောင်တာတွေဖြစ်ရင် မာလကာရွက် ငါးရွက်ကို ရေဆေးပြီး ဝါးပေးပါ။ ကြာကြာဝါးပြီး ပြန်ထွေးထုတ်ပါ။ မာလကာရွက်ကထွက်တဲ့ အဆီက ခံတွင်းနံ့ဆိုးတွေကို ဖယ်ရှားပေးနိုင်ရုံသာမက အစာအိမ်နဲ့ အူလမ်းကြောင်းမှာရှိတဲ့ လေများကို ထုတ်ပေးပြီး ဗိုက်တင်းခြင်း၊ ဗိုက်ကယ်ခြင်းများကို ပျောက်ကင်းစေပါတယ်။ မာလကာရွက်မှာ ဗီတာမင်စီ ကြွယ်ဝစွာ ပါဝင်တာကြောင့် ညက်အောင်ထောင်းပြီး ရေကျက်အေးနဲ့နယ်၍ ဝက်ခြံနဲ့ အမာရွတ်တွေပေါ် လိမ်းပေးပါက ပျောက်ကင်းပါတယ်။ မာလကာရွက်ကို ထောင်းပြီး အနာပေါ်အုပ်ပေးရင် သွေးတိတ်ပြီး ရောင်ရမ်းမှုကို သက်သာစေပါသတဲ့။

**သခွတ်ပွင့်**

သခွတ်ပွင့် အနီ၊ အဖြူနှစ်မျိုးစလုံးသည် ချို၏၊ ဖန်၏၊ ခါး၏၊ အေး၏၊ အစာကို ပွစေတတ်၏၊ သွေး၊သလိပ်ကို နိုင်၏ဟု ဆိုသည်။

သခွတ်ပွင့်သည် အစာကို မှျစေတတ်၏။ သွေး၊သလိပ်တို့ကို နိုင်၏။ ပန်းနာရင်ကျပ်၊ အော့အန်ခြင်း၊ ရောင်ရမ်းခြင်း၊ ဝမ်းဖောခြင်း၊ ဆီးအောင့်ခြင်း၊ သွေးအန်ခြင်း၊ သွေးကျခြင်း၊ ကြို့ထိုးခြင်း၊ လေနာရောဂါတို့ကို ပျောက်ကင်းစေသည်ဟု ဥတုဘောဇနကျမ်းက ဆိုထားပါတယ်။

သခွတ်ပွင့်ကို ပြုတ်၍ သုပ်စားနိုင်သကဲ့သို့ ချက်စားပါက အသံဝင်နေသူများ အသံထွက်လာပါမယ်။ မြွေကိုက်ခံရပါက သခွတ်ပင်၏ အခေါက်ကို ဝါးစားပေးပါက မြွေဆိပ်ပြေစေပါတယ်။ အသည်းအဆီဖုံးခြင်း၊ အသည်းခြောက်ခြင်း၊ အသည်းရောင်အသားဝါ စသည့် အသည်းရောဂါအမျိုးမျိုးအတွက်လည်း သခွတ်ပွင့်ကို သုပ်စားရင် ပျောက်ကင်းပါတယ်။

သွေးလေကြေစေကာ သွေးကို သန့်စင်ပေးပါတယ်။ အခါးဓာတ်ကြောင့် အသည်းကို များစွာကောင်းကျိုးပြုပါတယ်။ ဆီးချို၊ သွေးချိုရောဂါရှိသူများလည်း စားသုံးသင့်ပါတယ်။ ခန္ဓာကိုယ်ထဲမှာ သွေး၊လေလည်ပတ်မှု အားကောင်းတဲ့အတွက် လေငန်းရောဂါအတွက် ကောင်းကျိုးပြုပါတယ်။

သွေးတိုးရောဂါရှိသူများ သခွတ်ပွင့်၏ ဝတ်ဆံကို ဖယ်ပြီး အသင့်အတင့်စားသုံးပေးပါ။ ကလေးများ ရေကျောက်ပေါက်လျှင် သခွတ်ပင်၏ အရွက်ပြုတ်ရည်ကို တိုက်ကျွေးပေးနိုင်ပါတယ်။ ခြေ၊လက်တွေ ကိုက်ခဲနေရင် သခွတ်ပင်၏ အရွက်၊ အခေါက်တို့ကို ပြုတ်၍ ယင်းပြုတ်ရည်ဖြင့် ရေချိုးပေးပါက ကိုက်ခဲမှုတွေ ပျောက်ကင်းစေပါတယ်။

မျက်စိနာနေရင် သခွတ်ပင်၏ အခေါက်ကို သွေးပြီး မျက်လုံးပတ်လည်ကွင်းလိမ်းပေးပါ။ အလွန်ပြင်းသော အင်ဒရင်း ပိုးသတ်ဆေးကို သခွတ်ပင်အောက်၌ တစ်ညတာထားရုံဖြင့် ဓာတ်ပြယ်စေပါတယ်။ အိမ်မွေးတိရစ္ဆာန်များ အဆိပ်ရှိကောင် အကိုက်ခံရလျှင် အရွက်ကိုထောင်း၍ ကျွေးပါက အဆိပ်ပြေစေပါတယ်။

သခွတ်ပွင့်အစိုကို ရေနွေးဖြော၍ အတို့အမြှုပ်အဖြစ် စားသုံးနိုင်ပါတယ်။ ငါးဟင်းထဲမှာလည်း အပွင့်အစို(သို့မဟုတ်)အပွင့်ခြောက်ကိုထည့်ပြီး ချက်စားနိုင်သလို ကြော်၍လည်း စားနိုင်ပါတယ်။ သခွတ်ပွင့်ခြောက်ကို ပြုတ်ပြီး သုပ်စားပါက ခံတွင်းမြိန်စေပါသတဲ့။

သခွတ်ပွင့်ဟာ အစာအာဟာရအတွက်သော်လည်းကောင်း၊ ကျန်းမာရေးအတွက်သော်လည်းကောင်း ဆေးဖက်ဝင်တဲ့ အပင်ဖြစ်တာကြောင့် စားသုံးပေးသင့်ပါတယ်။

"အာရောဂျံ ပရမံ လာဘံ"


ကိုးကား-Tik Tok

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ



## Bad Teacher တွင် Cameron Diaz ပါဝင်

ဟောလိဝုဒ် ဟာသရုပ်ရှင်ကား Bad Teacher တွင် Cameron Diaz နှင့်အတူ Justin Timberlake တို့ ပါဝင်ထားကာ ဆရာမဆိုးလေးအကြောင်း ရိုက်ကူးထားသည်။




Cameron Diaz မှာ အပျင်းထူ၊ အရှည်အချင်းမရှိသော ဇာတ်ရုပ်နှင့် Justin Timberlake က အုကြောင်ကျားဆရာတစ်ဦးအဖြစ် ပါဝင်ထားကာ နှစ်ဦးသား တွေ့ဆုံကြပြီး ကမောက်ကမဖြစ်ရပုံများကို ဟာသနှော တင်ဆက်ထားသည်။

အဆိုပါဇာတ်ကားမှာ ပိုစတာနှင့်ပင် ပရိသတ်များ အံ့အားတသင့်ဖြစ်စေသည့် စကားလုံးများ မြင်တွေ့ခဲ့ကြရပြီး ပညာရေးလောကကို သရော်ထား၍ ပိုမိုစိတ်ဝင်စားအားပေးထားကြရာ ဝင်ငွေအတော်အသင့် ရရှိခဲ့သည့် ရုပ်ရှင်ဖြစ်သည်။ (SKY)

## Cha Jung Woo နှင့် Cha Young Woo ညီအစ်ကိုဖြစ်

Daesang အနုပညာဆုရရှိထားသည့် Cha Young Woo သည် ညီဖြစ်သူ Cha Jung Woo ထံမှ အနုပညာအကူအညီများစွာ ယူခဲ့ရသော ညီအစ်ကိုနှစ်ဦးဖြစ်ကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အနုပညာမျိုးရိုးမှ ဆင်းသက်လာကြသော ညီအစ်ကိုနှစ်ဦးမှာ ချောမောခံ့ညား၍ မျက်နှာနှင့် ခန္ဓာကိုယ်ပုံစံဆင်တူ၍ ဇာတ်လမ်းတွဲငယ်ဘဝတွင် Cha Young Woo ၏ ညီ Cha Jung Woo က ပါဝင်ထားသည်။

ညီအစ်ကိုနှစ်ဦး BL ဇာတ်လမ်းနှင့်စတင်ခဲ့ရာ Cha Young Woo က You Make Me Dance၊ Cha Jung Woo က Secret Relationship တို့နှင့် ပွဲဦးထွက်ခဲ့ကြပြီး Drama ကားများစွာတွင် ပါဝင်ထားသည်။

အစ်ကိုဖြစ်သူ Cha Young Woo မှာ လက်ရှိ Daesang အနုပညာဆုကို ပိုင်ဆိုင်ထားသည်။

(SKY)



## BTS အဖွဲ့၏ စံချိန်ကို ကျော်နိုင်သည့် K Pop အဖွဲ့မရှိ

BTS အဖွဲ့ဝင်ခုနစ်ဦးလုံး သင်တန်းကာလကို နှစ်နှစ်တာ ဖြတ်သန်းခဲ့ရာမှ ဇွန်လတွင် ပြန်လာကြမည်ဖြစ်ပြီး သူတို့အဖွဲ့၏ စံချိန်ကို ကျော်နိုင်သည့် K Pop အဖွဲ့မရှိကြောင်း၊ ထပ်မံ၍ တစ်ဖွဲ့လုံး စံချိန်တင်ကြရန် ပြင်ဆင်နေကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဖွဲ့ဝင် Jin နှင့် J Hope တို့ သင်တန်းပြီးဆုံး၍ တစ်ကိုယ်တော်ဂီတပွဲများနှင့် အောင်မြင်နေကာ ကျန်အဖွဲ့ဝင်များ ဇွန်လတွင် ပြန်လာကြမည်ဖြစ်ပြီး သင်တန်းကာလအတွင်း ကြိုတင်ပြင်ဆင်ထားသည့် ဂီတများနှင့် BTS အဖွဲ့မှာ You Tube MV တွင် သန်းတစ်ရာကျော်၊ Spotify တွင် အမြင့်ဆုံးစံချိန်ကို ချိုးဖျက်သူ မရှိခဲ့ချေ။

Billboard Hot 100 တွင် နံပါတ်တစ်၊ ထိပ်ဆုံးငါးဆယ်စာရင်းဝင်၊ Digital တွင် တစ်ဘီလီယံနှင့် အမေရိကန်ဆုကြီး ဆွတ်ခူးထားသည့် ပထမဆုံး အဖွဲ့လည်း ဖြစ်သည်။

BTS သည် VMA, EMA, BBMAS ဆုအများဆုံးနှင့် Grammy ဆန်ခါတင်နှင့် ဆုပေါင်းများစွာ သိမ်းပိုက်ထားကာ BTS စံချိန်ကို ကျော်သူမရှိခဲ့ပေ။ (SKY)




## Jeremy Renner က လစာတစ်ဝက်သာရ၍ Hawkeye Season 2 ရပ်နားခဲ့

ဟောလိဝုဒ်အနုပညာရှင် Jeremy Renner သည် Interview တစ်ခုတွင် Hawkeye Season 2 နှင့်ပတ်သက်၍ ပြောကြားရာမှ လစာတစ်ဝက်သာ ပေးမည်ဆို၍ ရိုက်ကူးမှုရပ်နားခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jeremy Renner က High Performance နှင့် Interview တွင် အဆိုပါကား အပိုင်း(၁) အပြီး Disney က လစာတစ်ဝက်ပေး၍ အပိုင်း(၂) ဆက်ရိုက်ရန် ပြောကြားခဲ့သည်။

Jeremy Renner လစာတစ်ဝက်နှင့် အချိန်ရှစ်လပေးရပြီး နှစ်ဆပိုပင်ပန်း၍ တစ်ကြောင်း၊ ၂၀၂၃ခုနှစ်တွင် Accident ဖြစ်၍ သေလုမြောပါးဒဏ်ရာရခဲ့ပြီးမှ ကျန်းမာလာကာ လစာတစ်ဝက်သာပေး၍တစ်ကြောင်း လစာတစ်ဝက်နှင့် Disney ကမ်းလှမ်းမှုကို လက်မခံခဲ့ပေ။

Jeremy Renner က ဇာတ်ကောင်ကို ချစ်ပြီး အနာဂတ်တွင် ဆက်လုပ်ချင်သော်လည်း အပိုင်း(၁) ဝင်ငွေအတိုင်းမရ၍ ရပ်နားခဲ့ခြင်းဖြစ်သည်။ (SKY)



## ကင်ဆာဆေးနှစ်မျိုးက အိုမင်းမှုကို နှေးကွေးစေဖွယ်ရှိ

ကင်ဆာဆေးများဖြစ်သော ထရာမေတီနစ်နှင့် ရာပါမိုင်စင်နှစ်မျိုးကို ပေါင်းစပ်အသုံးပြုခြင်းဖြင့် ကြွက်များ၏သက်တမ်းကို ၃၀ ရာခိုင်နှုန်းအထိ ပိုရှည်စေနိုင်ကြောင်း အမေရိကန်သုတေသီများ မကြာသေးမီက တွေ့ရှိခဲ့သည်။

ထရာမေတီနစ်တစ်မျိုးတည်းက ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိလည်းကောင်း၊ ရာပါမိုင်စင်တစ်မျိုးတည်းက ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိလည်းကောင်း သက်တမ်းတိုးစေပြီး နှစ်မျိုးပေါင်းစပ်အသုံးပြုပါက ရလဒ်မှာ တစ်မျိုးတည်းအသုံးပြုသည်ထက် သိသိသာသာ ပိုကောင်းသည်။

ကြွက်များ သက်တမ်းပိုရှည်လာရုံသာမက ပိုမိုကျန်းမာစွာ နေထိုင်နိုင်ကြောင်းလည်း တွေ့ရသည်။ ထိုဆေးနှစ်မျိုးကုထုံးသည် လူ့ဦးနှောက်နှင့် ခန္ဓာကိုယ်အတွင်းရှိ နာတာရှည်ရောင်ရမ်းမှုများကို လျှော့ချပေးပြီး ကင်ဆာဖြစ်ပွားမှုကို နှောင့်နှေးစေသည်။

ကြွက်များတွင် လေ့လာတွေ့ရှိချက်အရ ယင်းကုထုံးသည် လူတို့၏ အိုမင်းမှုကို နှေးကွေးစေပြီး အသက်အရွယ်ကြောင့် ဖြစ်တတ်သောရောဂါများကို ကာကွယ်ပေးနိုင်လိမ့်မည်ဟု ညွှန်ပြနေကြောင်း သုတေသီများက အခိုင်အမာပြောကြားသည်။

(SCI)

## Lee Jae Wook သရုပ်ဆောင်ကောင်း၍ ချီးကျူးခံရ

အနုပညာလောကတွင် အသက်ငယ်ငယ်နှင့် အောင်မြင်မှုများစွာ ပိုင်ဆိုင်ထားပြီး လက်ရှိပြသနေသည့် Dear Hongrang နှင့် သရုပ်ဆောင်ကောင်းသဖြင့် Lee Jae Wook ကို ချီးကျူးသူများကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



Lee Jae Wook သည် Extraordinary You နှင့် ကျော်ကြားခဲ့ပြီး Alchemy of Souls, The Impossible Heir စသည့် ဇာတ်ကားများနှင့် သရုပ်ဆောင်နာမည်ကျော်ခဲ့ကာ Dear Hongrang တွင် သရုပ်ဆောင်ကောင်းလွန်းသဖြင့် ပရိသတ် ချီးကျူးခံခဲ့ရသည်။

မျိုးဆက်သစ်အနုပညာရှင်များစွာအနက် အနုပညာစွမ်းရည်ပြည့်ဝစွာနှင့် Lee Jae Wook မှာ တောက်ပသောကြယ်တစ်ပွင့်အဖြစ် မြင်တွေ့ကြရ၍ ပရိသတ်အားပေးမှု တစ်ခဲနက်ရှိခဲ့သည်။

(SKY)

## အေးချမ်းမှုကို ရှာဖွေသူတစ်ဦးအကြောင်း ရိုက်ကူးထားသော Into The Wild

ဒုတိယဘုရားသခင်ဟု သတ်မှတ်ထားသည့် ပိုက်ဆံဆိုသည့်အရာကို မမှီခိုဘဲ လူတစ်ဦးမည်မျှအထိ အသက်ရှင်နိုင်မည်နည်းဆိုသည်ကို စမ်းသပ်ကာ၊ အေးချမ်းမှုကို ရှာဖွေသူတစ်ဦးအကြောင်း ရိုက်ကူးထားသည့် Into the Wild မှာ တစ်နှစ်တာအကောင်းဆုံး ရုပ်ရှင်ကားဆုရထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်သည် ဆုများစွာ ဆန်ခါတင်ဝင်ခဲ့ပြီး တစ်နှစ်တာ အကောင်းဆုံးရုပ်ရှင်ဆုကို ရရှိခဲ့ကာ ဇာတ်ညွှန်းနှင့် ဒါရိုက်တာ Sean Penn လက်စွမ်းပြ ရိုက်ကူးထားသည့် အေးချမ်းမှုကို ရှာဖွေသူတစ်ဦးအကြောင်း ဖြစ်သည်။

ဘဝတွင် အေးချမ်းမှုကို ရှာဖွေလို၍ ချမ်းသာကြွယ်ဝသည့် သူဌေးသားတစ်ဦး ပိုက်ဆံကို မကိုးကွယ်၊ အရာအားလုံးလွှတ်ချ၍ ခရီးနှင်ခဲ့ရာမှ Into the Wild အတွင်း တွေ့ကြုံခံစားခဲ့ရပုံများကို ရိုက်ကူးထားသည်။(SKY)



## သီးသန့်ချန်ထားသည့် အတွေးအခေါ်ကို စွန့်လွှတ်ရန် ပုပ်ရဟန်းမင်းကြီးလီယိုက ယုံကြည်သူများကို တိုက်တွန်း



**ရောမ ဇွန် ၉**

ကမ္ဘာတစ်ဝှမ်းရှိ အမျိုးသား ရေးဝါဒများကို ဦးတည်စေခဲ့သည့် ဟုဆိုသော သီးသန့်ချန်ထားသည့် အတွေးအခေါ်ကို စွန့်လွှတ်ရန် ယုံကြည်သူများကို ဗာတီကန် သာသနာပိုင် ပုပ်ရဟန်းမင်းကြီး လီယို(၁၄)က ဇွန် ၈ ရက်တွင် တိုက်တွန်းခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

လီယို၏ ဟောပြောချက်တွင် လက်ရှိဖြစ်ရပ်များနှင့် ပဋိပက္ခများကို ဖော်ညွှန်းခြင်း သို့မဟုတ် တစ်ဦးချင်းခေါင်းဆောင်များကို ဖော်ထုတ်ခြင်းမျိုး မပြုခဲ့ပေ။ သို့သော် သူ၏ဘာသာစကားရွေးချယ်မှုသည် လူများအား ၎င်းတို့၏စိတ်နှလုံးနှင့် အတွေးအခေါ်များတွင် "နယ်နိမိတ်များကို ဖွင့်လှစ်ရန်" အားပေးသည့် အရေးပါသော အဓိပ္ပာယ်သက်ရောက်မှုရှိခဲ့သည်။

ဝတ်ပြုပွဲမတိုင်မီ ၆၉ နှစ်အရွယ် ပုပ်ရဟန်းမင်းကြီးသည် ဗာတီကန်မှ လူဦးရေ ၈၀၀၀၀ ခန့်ရှိမည်ဟု ခန့်မှန်းထားသော ပရိသတ်များ၏ စိတ်လှုပ်ရှားဖွယ် အားပေးသံများဖြင့် ရှုပ်ထွေးနေသည့် ဘာရော့ခ် ရင်ပြင်ထဲသို့ ပုပ်ရဟန်းမင်းကြီး၏ယာဉ်ဖြင့် လှည့်ပတ်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျယ်လိစ်မြို့တွင် နိုင်ငံကူးပြောင်းလာသည့်သူများက ဆန္ဒပြမီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသော ကားများကို တွေ့ရစဉ်။ **Mon**

## ပြင်သစ်နိုင်ငံ၊ ရှန်ပိန်းဒေသ၏မြို့တော် ရိုင်းမ်တွင် လျှပ်စစ်ဆိုင်ကယ်ကြောင့်ဟု ယူဆရသည့် မီးလောင်မှုဖြစ်ပွား

**ပဲရစ် ဇွန် ၉**

ပြင်သစ်နိုင်ငံ၊ ရှန်ပိန်းဒေသ၏မြို့တော် ရိုင်းမ်တွင် ၁၀ ထပ်ရှိ တိုက်ခန်းတစ်ခန်း၌ ဘက်ထရီဖြင့်မောင်းနှင်သော လျှပ်စစ်ဆိုင်ကယ်ကြောင့်ဟု ယူဆရသည့် "အလွန်ပြင်းထန်သော" မီးလောင်မှု ယမန်နေ့ကဖြစ်ပွားပြီး လူလေးဦး သေဆုံးခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ထိုမီးလောင်မှုစတင်ပြီး နာရီအနည်းငယ်အတွင်း အသက် ၁၃ နှစ်အရွယ်ကောင်လေးတစ်ဦး လေးလွှာမှ ခုန်ချသေဆုံးသွားသည်။ ရှစ်လွှာတွင်နေထိုင်သူ အသက် ၈၇ နှစ်အရွယ်အမျိုးသမီးနှင့် ၎င်း၏ အသက် ၅၉ နှစ်အရွယ်သားတို့မှာ မီးခိုးများနှင့် အသက်ရှူလမ်းကြောင်းပိတ်ဆို့၍ သေဆုံးခဲ့ကြောင်း သိရသည်။ **Mon**




## ဝန်ဆောင်မှုလုပ်ငန်းများ ခိုင်မာစွာကြီးထွားလာခြင်းကြောင့် ပထမလေးလအတွင်း တရုတ်ဝန်ဆောင်မှုကုန်သွယ်ရေး တိုးတက်လာ

**ပေကျင်း ဇွန် ၉**

ပြည်တွင်းသို့ လာရောက်လည်ပတ်မှုကဏ္ဍ တိုးတက်လာခြင်းနှင့် အသိပညာသုံး ဝန်ဆောင်မှုလုပ်ငန်းများ ခိုင်မာစွာကြီးထွားလာခြင်းကြောင့် ပထမလေးလအတွင်း တရုတ်နိုင်ငံ၏ ဝန်ဆောင်မှုကုန်သွယ်ရေးလျင်မြန်စွာ တိုးတက်လာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အကောက်ခွန်ဆိုင်ရာ စီးပွားရေးအခက်အခဲများ မြင့်တက်လာချိန်တွင် တရုတ်နိုင်ငံသည် စီးပွားရေးအရ ကြံ့ကြံ့ခံနိုင်မှုကို မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။

အမေရိကန်နှင့် အကောက်ခွန်ဆိုင်ရာ ညှိနှိုင်းမှုများတွင် မသေချာမရေရာမှုများ ရှိနေသေးသော်လည်း တရုတ်နိုင်ငံသည် ကာကွယ်ရေးဝါဒ မြင့်တက်လာမှုကို ရင်ဆိုင်ရန် မိမိ၏တံခါးကို ပိုမိုဖွင့်လှစ်ကာ ကမ္ဘာလုံးဆိုင်ရာ ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန် ဆက်လက်ကြိုးပမ်းသွားမည်ဟု ဆိုသည်။

တရုတ်၏ ဝန်ဆောင်မှုကုန်သွယ်ရေး၏ ကုန်သွယ်မှုတန်ဖိုး စုစုပေါင်း ယွမ် ၂ ဒသမ ၆၃ ထရီလီယံ (ဒေါ်လာ ၃၆၆ ဘီလီယံ)အထိ ရောက်ရှိခဲ့ကာ ယခင်နှစ်တူကာလနှင့် နှိုင်းယှဉ်ပါက ၈ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာသည်ဟု ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာကြောင်း သိရသည်။ **Mon**

## ကိုလံဘီယာနိုင်ငံ၏မြို့တော် ဘိုဂိုတာ၌ အင်အားပြင်း ငလျင်လှုပ်ရှား လူအများ လုံခြုံရေးအတွက် လမ်းများပေါ်သို့ အလျင်အမြန် ထွက်ပြေးခဲ့ရ

**ဘိုဂိုတာ ဇွန် ၉**

ကိုလံဘီယာနိုင်ငံ၏မြို့တော် ဘိုဂိုတာ၌ ပြင်းအား ၆ ဒသမ ၃ ရစ်ချ်တာစကေးရှိသည့် အင်အားပြင်းထန်သော ငလျင်တစ်ခုလှုပ်ရှားခဲ့သည်ဟု အမေရိကန်ပြည်ထောင်စု ဘူမိဗေဒဆိုင်ရာ စစ်တမ်းကောက်ယူရေးအဖွဲ့က မှတ်တမ်းတင်ခဲ့ကြောင်း စီအင်န်အင်န် သတင်းဌာနက ဖော်ပြသည်။

ထိုအဖွဲ့၏ ထုတ်ပြန်ချက်အရ ဇွန် ၈ ရက်နံနက်ပိုင်းတွင် ဘိုဂိုတာမြို့တော်၏ အရှေ့ဘက် ကီလိုမီတာ ၁၇၀ (၁၀၅ မိုင်) အကွာ ကိုလံဘီယာနိုင်ငံ အလယ်ပိုင်းရှိ ပါရာတေဗျူနီမြို့အနီး၌ ဗဟိုပြုကာ ထိုငလျင်လှုပ်ရှားခဲ့ခြင်းဖြစ်သည်။

ကိုလံဘီယာဘူမိဗေဒဆိုင်ရာ ဝန်ဆောင်မှုအဖွဲ့ကမူ ထိုငလျင်၏ပြင်းအားကို ရစ်ချ်တာစကေး ၆ ဒသမ ၅ အထိရှိခဲ့ကြောင်း ဖော်ပြခဲ့သည်။ ဘိုဂိုတာတစ်ပိုက်တွင် အဆောက်အအုံများလှုပ်ရမ်းသွားကာ သတိပေးအချက်ပြသံများ မြည်လာသဖြင့် လူများ လုံခြုံရေးအတွက် လမ်းများပေါ်သို့ အလျင်အမြန်ထွက်ပြေးခဲ့ရကြောင်း သိရသည်။ **Mon**





STOP AIDS

## အများသုံးနေရာများတွင် ခွေးများလမ်းလျှောက်ခေါ်ဆောင်ခြင်းကို အီရန်အာဏာပိုင်များက တိုးမြှင့်တားမြစ်

**တီဟီရန် ဇွန် ၉**

အီရန်အာဏာပိုင်များသည် ပြည်သူ့ကျန်းမာရေး၊ လူမှုအခြေအနေနှင့် ဘေးကင်းရေးဆိုင်ရာ စိုးရိမ်မှုများကို ထောက်ပြလျက် အများသုံးနေရာများတွင် ခွေးများ လမ်းလျှောက်ခေါ်ဆောင်ခြင်းကို တားမြစ်သည့် အမိန့်ကို တစ်နိုင်ငံလုံးရှိ မြို့များစွာသို့ ယမန်နေ့က ချဲ့ထွင်ကျင့်သုံးလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၁၉ ခုနှစ်က တီဟီရန်မြို့တော်တွင် ခွေးများလမ်းလျှောက်ခေါ်ဆောင်ခြင်းကို တားမြစ်ခဲ့သည့် ရဲအမိန့်နှင့် ဆင်တူသည့် အဆိုပါ တားမြစ်ချက်ကို ဇွန် ၈ ရက်တွင် ချဲ့ထွင်ကျင့်သုံးလိုက်ခြင်းဖြစ်သည်။

အလားတူ တားမြစ်ချက်များကို အလယ်ပိုင်းရှိ အစ္စဖာဟန်မြို့နှင့် တောင်ပိုင်းရှိ ကာမန်မြို့တို့ အပါအဝင် မကြာသေးမီရက်ပိုင်းအတွင်း မြို့ပေါင်း ၁၇ မြို့ကျော်တွင် ပြဋ္ဌာန်းခဲ့သည်။

၁၉၇၉ ခုနှစ် အီရန်အစ္စလာမ့်စ် တော်လှန်ရေးအပြီးမှစ၍ ခွေးများပိုင်ဆိုင်ခြင်းနှင့် လမ်းလျှောက်ခေါ်ဆောင်ခြင်းသည် အငြင်းပွားဖွယ်ရာ အကြောင်းအရာတစ်ခုဖြစ်နေခဲ့သည်။

ဒေသခံ ဘာသာရေးပညာရှင်များစွာက ခွေးများကို ပွေ့ဖက်ခြင်းသို့မဟုတ် ၎င်းတို့၏ တံတွေးနှင့်ထိတွေ့ခြင်းကို သန့်ရှင်းမှုမရှိ သို့မဟုတ် ဓလေ့ထုံးတမ်းအရ မသန့်ရှင်းဟု မှတ်ယူလျက်ရှိကြောင်း သိရသည်။ **Mon**

## ဟူနန်ပြည်နယ်တွင် ရေနေသတ္တဝါများ မျိုးပွားမှု မြှင့်တင်ခြင်းနှင့် ဘေးမဲ့လွှတ်ပေးခြင်းအခမ်းအနား ကျင်းပ

**ချန်ရှား ဇွန် ၉**

တရုတ်နိုင်ငံ ဟူနန်ပြည်နယ် ရေနေသတ္တဝါများ မျိုးပွားမှု မြှင့်တင်ခြင်းနှင့် ဘေးမဲ့လွှတ်ပေးခြင်းအခမ်းအနားကို ဇွန် ၉ ရက်က ချန်ရှားမြို့ ကျိုကျိုကျိုးဥယျာဉ် ကျန့်ပေ့ဆိပ်ကမ်းတွင် ရေနေသတ္တဝါများ မွေးမြူစောင့်ရှောက်ခြင်း၊ လှပသော တရုတ်နိုင်ငံ တည်ဆောက်ခြင်း ဟူသော ဆောင်ပုဒ်ဖြင့် ကျင်းပခဲ့ရာ အခမ်းအနားတွင် ရှန်းမြစ်ထဲသို့ ငါးမျိုးစိတ်ပေါင်း ၇ ဒသမ ၁ သန်းခန့် လွှတ်ပေးခဲ့သည်။



ယခုအကြိမ် ဘေးမဲ့လွှတ်ပေးခြင်းအခမ်းအနားကို ဟူနန်ပြည်နယ် စိုက်ပျိုးရေးလုပ်ငန်းနှင့် ကျေးလက်ဒေသရေးရာဌာနနှင့် ချန်ရှားမြို့ပြည်သူ့အစိုးရတို့က ပူးတွဲကြီးမှူးကျင်းပခဲ့ရာ ရည်ရွယ်ချက်မှာ ရေနေဇီဝသက်ရှိ အရင်းအမြစ်များ ပြန်လည်ထူထောင်ရေးမြှင့်တင်ရန်၊ ရေနေဂေဟဗေဒပတ်ဝန်းကျင်၏ အရည်အသွေးကို မြှင့်တင်ရန်၊ ရေနေဇီဝသက်ရှိများအား ချစ်မြတ်နိုးသော၊ ရေဂေဟစနစ်အား စောင့်ရှောက်သော၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအား မြှင့်တင်ပေးသော ကောင်းမွန်သည့် ဝန်းကျင်ကို ဖန်တီးပေးရန်ဖြစ်ကြောင်း သိရသည်။

(ဆင်ဟွာ)

၀-၀-၀-၀-၀

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီး မန္တလေးမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့ ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီး၌ တက်ရောက်ကုသကြသည့် လူနာများအား ကုသမှုပေးရာတွင် လိုအပ်သည့် အောက်ဖော်ပြပါတို့အား ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(FDA) အသိအမှတ်ပြု

(က) ဆေးဝါးများ

(ခ) သွေးရောဂါနှင့် ကင်ဆာဆေးဝါးများ

(ဂ) ကျောက်ကပ်ကုသဆောင်သုံးဆေးနှင့် ဆေးပစ္စည်းများ

(ဃ) ဓာတ်ခွဲ၊ ဓာတ်မှန်ခန်းသုံး ဆေးပစ္စည်းများ

(င) ဆေးရုံသုံးပစ္စည်းများ (Consumables), Oxygen

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချသည့်ရက် - ၆-၆-၂၀၂၅(သောကြာ)
တင်ဒါပိတ်မည့် ရက်နှင့်အချိန် - ၁၉-၆-၂၀၂၅(ကြာသပတေး) ညနေ (၄း၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးပစ္စည်းများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန္တလေးမြို့ ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီး ဆေးရုံအုပ်ကြီးရုံးခန်းသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ခုတင်(၃၀၀)ဆံ့ ကလေးဆေးရုံကြီး**
**မန္တလေးမြို့**
**ဖုန်း ၀၂-၂၈၄၄၆၁၂၊ ၀၂-၄၀၃၃၉၆၅**

## ကန့်ကွက်နိုင်ပါသည်

မန္တလေးတိုင်းဒေသကြီး၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချသော မြရည်နန္ဒာအိမ်ရာ ဒေါ်မော်မော်လင်း(ဘ)ဦးထွန်းရီ(၉/မရမ(နိုင်)၀၁၄၄၁၂) အမည်ပေါက် (မမ-၂၇)၊ တိုက်(၃)၊ အခန်း(၁၀၄)၊ ပထမထပ် တိုက်ခန်းအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေရွှေလွင်(ဘ)ဦးစိန်လွင်(၇/သနပ(နိုင်)၀၅၈၂၆၉)မှ အရောင်းအဝယ်စာချုပ်၊ မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထွေထွေကိုယ်စားလှယ်လွှဲစာတို့ဖြင့် အပြီးအပိုင်ဝယ်ယူခဲ့ပြီး ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်(မန္တလေးဘဏ်ခွဲ)သို့ တိုက်ခန်းတန်ဖိုးငွေများအားလုံးကို ကျွန်ုပ်၏မိတ်ဆွေမှ အပြေအကြေပေးဆပ်ခဲ့ပြီး ဖြစ်ပါသဖြင့် အဆိုပါတိုက်အခန်း၏ အမည်ပေါက်စာအုပ်မူရင်းအား ထုတ်ယူရန်အတွက် မန္တလေးမြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လျှောက်ထားခြင်းနှင့်ပတ်သက်ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဌာနသို့ဖြစ်စေ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ရွှေရွှေလွင်၏ လွှဲအပ်ချက်အရ-**
**ဒေါ်ဝေဝေအောင် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၈၈-၃၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၉၇၄၅၁၀၁၁**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၉)၊ ဦးပိုင်အမှတ်(၉၉)တွင် နေထိုင်သူ ဒေါ်ရွှေရည်ဖြိုး(ဘ)ဦးညီညီအောင်(၉/ခမစ(နိုင်)၀၂၉၈၁၃) ကိုင်ဆောင်သူမှ အောက်ပါအတိုင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးကျော်မိုးသန်း(ဘ)ဦးတင်ထွန်းဦး(၉/အမဇ(နိုင်)၀၀၅၉၃၀)သည် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ရွှေရည်ဖြိုး၏ ခွင့်ပြုချက်မရဘဲ (၅-၅-၂၀၂၅)ရက်တွင် မိမိသဘောဆန္ဒဖြင့် နေအိမ်ပေါ်မှ ဆင်းသွားခဲ့ပါသည်။ သို့ပါ၍ ဦးကျော်မိုးသန်း၏ ငွေရေးကြေးရေးနှင့် အခြားကိစ္စအဝဝတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရွှေရည်ဖြိုးနှင့် လုံးဝ(လုံးဝ) မသက်ဆိုင်ပါကြောင်းနှင့် နောက်နောင်၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝအားလုံးကိုမှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်း သည်းခံပါ။)**

**ဒေါ်ရွှေရည်ဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**အကွက်(ဖဖ-၃)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၇၉၇၄၅၁၀၁၁**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ မဲကင်းကုန်းကျေးရွာနှင့် ကုန်းတန်းကျေးရွာသို့သွားရာ လမ်းမကြီးဘေးအတွင်းရှိ ကွင်း(၄၉၄/ဘူးကုန်း)၊ ဦးပိုင်အမှတ်(၂၁/၁) ဦးကျော်စိန် အမည်ပေါက် လယ်မြေကွက်အား အကွက်စိတ်ပိုင်းရောင်းချထားသော မြေကွက်များအတွင်းမှ မြေကွက်အမှတ်(D-20) ဧရိယာ တောင်ဘက်မျက်နှာပွင့် အရှေ့-အနောက်(၂၂/၁၉)ပေ၊ တောင်-မြောက် ပေ(၄၀) အကျယ်အဝန်းရှိ လယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ (ရေ+မီး)အစုံ အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအကွက်စိတ်ပိုင်းရောင်းချသူ ဦးဝင်းဇော်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ လက်ရှိနေထိုင်ပိုင်ဆိုင်နေပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးကိုကိုဝင်း(၉/မနမ(နိုင်)၁၀၀၈၀၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးအောင်(ဘ)ဦးမူလီတာ(၉/အမဇ(နိုင်)၀၂၄၂၃၆)က အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုပြ စာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်သူ-**
**ဦးမျိုးအောင်(ဘ)ဦးမူလီတာ**
**(၉/အမဇ(နိုင်)၀၂၄၂၃၆)**
**၀၉-၄၄၄၁၈၆၀၃၀**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးဖြိုးအောင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ခ/၄၁၆)၊ ဥပုသ်တော်ရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၆၉၄၂၂၂၄**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၂)၊ ဦးပိုင်အမှတ်(၂၄+၂၅)၊ဧရိယာ(၀ ဒသမ ၀၅၅၁ + ၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဦးခင်မောင်လှ(ဘ) ဦးဘခိုင်(၉/မနတ(နိုင်)၀၁၃၉၉၈)၊ ၂။ ဒေါ်ရွှေရွှေဝင်း(ဘ)ဦးဘခိုင်(၉/မနတ(နိုင်)၀၁၃၉၉၅)နှင့် ၃။ ဦးစိုးတင့်(ဘ)ဦးဝဲကျော်(၉/မခန(နိုင်)၁၃၇၄၇၂)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူများမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်များ၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥ္ဇူမြင့် |
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁-အေလမ်းနှင့်၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၂၅)၊ ဦးပိုင်အမှတ်(၁+၂-က)၊ ဧရိယာ(၀ ဒသမ ၁၁၅၉ + ၀ ဒသမ ၀၇၉၉)ဧက အကျယ်အဝန်းရှိသော ဦးကျော်မြင့် အမည်ပေါက် ဂရန်မြေကွက်များနှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြော်ငြာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၁)ထပ် အဆောက်အအုံ၊ လျှပ်စစ်မီတာ၊ ပါဝါမီတာ(၁)လုံး (ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသောပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်မြင့်(ဘ)ဦးလီဇီဝင်း(ခ)ဦးဝင်း(၉/မရတ(နိုင်) ၁၀၅၄၆၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက် ဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြော်ငြာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ခင်နီနီစိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office - အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် လမ်း၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း: 02-4068839 , 09-2006029 , 09-792006029 , 09-692006029**
**ladylawyer. khinninisoe @ gmail. com**

## အများသိစေရန် ကြော်ငြာခြင်း

ဒေါ်အေးအေးမွန်(ဘ)ဦးခင်မြင့်(၉/မရတ(နိုင်)၀၄၂၄၁၃)မှ အများသိရှိနိုင်စေရန် အသိပေးကြော်ငြာအပ်ပါသည်။

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်၊ အကွက်အမှတ်(၁၆၁)၊ ဦးပိုင်(၄-ဒ)၊ ဧရိယာ (၀ ဒသမ ၀၂၄၈)ဧကရှိ မြေနှင့် မြေပေါ်ရှိ အဆောက်အအုံ၏ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်မှာ မန္တလေး၊ အောင်မြေသာစံခရိုင်တရားရုံး တရားမကြီးမှုအမှတ်(၄၁/၂၀၂၂)၏ စီရင်ခံချက်နှင့် ဒီဂရီအရ ကျွန်မ ဒေါ်အေးအေးမွန်၏ ပူးတွဲအမွေဆိုင်ပစ္စည်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်မ ဒေါ်အေးအေးမွန်၏ သဘောတူညီခွင့်ပြုချက် တစ်စုံတစ်ရာမပါရှိဘဲ ဖော်ပြပါ မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေရပ်၊ အကွက်(၁၆၁)၊ ဦးပိုင်(၄-ဒ) မြေနှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အခြားတစ်စုံတစ်ဦးမှ လွှဲပြောင်းရောင်းချခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ ပေါင်နှံခြင်း၊ လှူဒါန်းခြင်း၊ မြေအမည်ပေါက်ပြောင်းလဲခြင်းနှင့် အခြားနည်းတစ်ရပ်ရပ်ဖြင့် စီမံခန့်ခွဲခြင်းများကို ပြုလုပ်ဆောင်ရွက်ခွင့်မရှိပါကြောင်းနှင့် အဆိုပါတားမြစ်ချက်များကို ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခွင့်မရှိပါကြောင်း အများသိနိုင်စေရန် အသိပေးကြော်ငြာအပ်ပါသည်။

**ဒေါ်အေးအေးမွန်**
**၉/မရတ(နိုင်)၀၄၂၄၁၃**
**ပြင်ဦးလွင်မြို့၊ သုံးတောင်ရွာ၊ နှင်းဆီလမ်း**

## အများသိစေရန် ကြော်ငြာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၅)၊ ဦးပိုင်အမှတ်(၂၇-က)၊ (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိသော မြေကွက်သည် ဦးဝင်းနောင်အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အိမ်၊ ရေတိုင်၊ လျှပ်စစ်မီတာအပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးသန်းငွေနှင့် ဒေါ်နန်းအေးမင်းထွန်းတို့ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန် သဘောတူညီပြီး ရောင်းကြေးငွေ၏ ထက်ဝက်ကျော်ဖြစ်သောငွေကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာလိုက်ပါသည်။

**ဒေါ်တင်နှယ်ဝင်း(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့်၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈**

## ပျောက်ဆုံးကြောင်း

မအေးချမ်းဖြိုး(ဘ)ဦးမျိုးမြင့်ဦး နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁၃/မမတ(နိုင်)၀၅၉၂၃၉) ကိုင်ဆောင်သူ၏ Passport No. အမှတ် LSO-24-011664 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**မအေးချမ်းဖြိုး**
**ဖုန်း ၀၉-၉၆၉၈၂၅၈၇၈**

❖ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက GDP တိုးတက်လာပြီး နိုင်ငံ၏ဘဏ္ဍာငွေ တိုးတက်ရရှိလာမည်ဖြစ်…

❖ ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီအောင် ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်ပြီး ပြည်ပပို့ကုန်များ မြှင့်တင်နိုင်မည်ဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပြုလုပ်သော ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးကျင်းပ

## သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လို

နေပြည်တော် ဇွန် ၉

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ပထမအကြိမ်အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၂) ၌ ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့ တက်ရောက်အမှာစကား ပြောကြားသည်။

### ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လို

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်တွင် ပြည်ပပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်ပပို့ကုန် မြှင့်တင်အောင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ကုန်သွယ်ရေးလိုငွေပြမှုကို နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ MSMEs ကဏ္ဍဖွံ့ဖြိုးတိုးတက်လာရန်အတွက် ဇုန်အတွင်းရှိ လုပ်ငန်းများက ပြည်တွင်းရှိ MSMEs လုပ်ငန်းများနှင့် ပိုမိုချိတ်ဆက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းစီမံကိန်းအတွက် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန်တွင် လာရောက်ရင်းနှီးမြှုပ်နှံမည့်သူများအား မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ပေးရန် ပြောကြားသည်။



### Solar စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်သုံးစွဲရန်လို

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌက သီလဝါအထူးစီးပွားရေးဇုန်တွင် Solar စနစ်ဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်သုံးစွဲရန်လိုကြောင်း၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံကိန်းနှင့် ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက်ပေးသည့်အတွက် ကျေးဇူးတင်ရှိကြောင်းနှင့် ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

### ဆောင်ရွက်ထားရှိမှုအခြေအနေများ ရှင်းလင်းတင်ပြ

ထို့နောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်ဦးက ယခင်ကျင်းပခဲ့သည့် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် စတုတ္ထအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြ

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက အမှာစာများကို ဖတ်ကြားတင်ပြကြပြီး မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌက ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၇ အာရှဖလားခြေစစ်ပွဲအဖြစ် မြန်မာအသင်းနှင့် ပါကစ္စတန်အသင်းတို့ ယနေ့ယှဉ်ပြိုင်ကစားမည်



ရန်ကုန် ဇွန် ၉

၂၀၂၇ အာရှဖလားခြေစစ်ပွဲ (အုပ်စု -တတိယအဆင့်) (ပွဲစဉ်-၂)အဖြစ် မြန်မာအသင်းနှင့် ပါကစ္စတန်အသင်းတို့ ယနေ့ မြန်မာစံတော်ချိန် ညနေ ၅နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ဦးမျိုးလှိုင်ဝင်း(မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ်)က ဒီပွဲကို အဝေးကွင်းအရင်ကစားရမှာဖြစ်ပေမယ့် အခုတော့ အိမ်ကွင်းမှာ ကစားရမှာဖြစ်လို့ အားသာချက်ရှိသွားပါတယ်။ မနက်ဖြန်ပွဲအတွက် ပြင်ဆင်ချိန်လည်းရထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ မနက်ဖြန်ပွဲအတွက် အဆင်သင့်ဖြစ်နေပါပြီ ဟု ပြောသည်။

မောင်မောင်လွင်(မြန်မာ့လက်ရွေးစင်အသင်းခေါင်းဆောင်)က ကျွန်တော်တို့အနေနဲ့ မနက်ဖြန်ပွဲအတွက် နည်းပြတွေ ညွှန်ကြားတဲ့အတိုင်း အကောင်းဆုံးကြိုးစားပြီး ပြင်ဆင်ထားပါတယ်။

စာမျက်နှာ ၇ သို့ ■